# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၅)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့**

စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်ပြီး ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည်ဖြစ်သည်။

## နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချ

နေပြည်တော် ဇူလိုင် ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှတ်ကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်းရှိအင်းလေးအနောက်ကြိုးပြင်ကာကွယ်တောအတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခဲ့ကြောင်း သိရသည်။

နေပြည်တော်တပ်ကုန်းမြို့နယ်ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှတ်ကြိုးဝိုင်း အကွက်အမှတ်(၁၅)ရှိ ဧရိယာ ဧက ၂၀၀ တွင်


*စာမျက်နှာ ၉ ကော်လံ ၅* ❖








တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❏


## မြစ်ကြီးနားတက္ကသိုလ်၌ စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဇူလိုင် ၆

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသော လူနာများအတွက် အရေးပေါ်သွေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြစ်ကြီးနားတက္ကသိုလ် ကြက်ခြေနီအသင်းနှင့် ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီး(သွေးဘဏ်)တို့ ပူးပေါင်းစီစဉ်သည့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ခဲ့ရာ မြစ်ကြီးနားတက္ကသိုလ်မှ ဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူ သွေးလှူရှင် ၁၀၀ ခန့်က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ကောင်းကောင်း(မြိတ်)

### ယနေ့ ဖတ်စရာ


အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်သို့ — ဆောင်းပါး — စာ ၆

၂၀၂၅–၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များနှင့် အရည်အသွေးပညာရေး ဖော်ဆောင်မှု — ဆောင်းပါး — စာ ၁၀

AI နှင့် ခရီးသွားလုပ်ငန်းသဘောကို စောကြောကြည့်မိခြင်း — ဆောင်းပါး — စာ ၁၆


## မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် ဇူလိုင် ၆

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ




# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ပါမောက္ခ ဒေါက်တာ ခင်မာမြင့် | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) |
| (၂) ဒေါက်တာ ဆန်းဦး | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |

❏ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့တော်ခန်းမတစ်ခုနှင့် ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲဆောင်ရွက်ပေးနိုင်ရေး၊ စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြေအငှား ဂရန်ထုတ်ပေးနိုင်ရေးနှင့် မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းနေအရွယ် အသက် ငါးနှစ် ကလေးများ စာရင်းကောက်ယူခြင်းနှင့် စာသင်ခန်းသို့ အရောက်ပို့ဆောင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးခြင်းနှင့် တရားသူကြီးများနှင့် ရှေ့နေများပါဝင်သော Joint Training Program များ တရားလွှတ်တော်ချုပ်မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင်က ရှေ့နေများအတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို ရှေးယခင်ကပင် သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပြီး ခေတ်အဆက်ဆက် တရားစီရင်ထုံးများဖြင့်လည်း လမ်းညွှန်ပြသမှုများပြုခဲ့ပါကြောင်း၊ ထိုနည်းတူစွာပင် တရားသူကြီးများဘက်ကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြုမူနေထိုင်ခြင်းအားဖြင့် ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပါအဝင် တရားရုံးအသုံးပြုသူများ၏ ယုံကြည်လေးစားမှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတင်ပြသကဲ့သို့ ကျင့်ဝတ်နီတိများ ကျယ်ပြန့်စွာ ပညာပေးခြင်းသည် လွန်စွာအရေးကြီးကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း သတိပြုမိခဲ့ပါကြောင်း။

ထို့ကြောင့် ယခင်က အထက်တန်းရှေ့နေလိုင်စင်ပေးအပ်ခြင်းများကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း ၃၁-၁-၂၀၂၆ ရက်နေ့မှစတင်ပြီး အထက်တန်းရှေ့နေလက်မှတ် လက်ခံရယူမည့် အလုပ်သင်ရှေ့နေ ၉၄ ဦးကို ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအသိပညာပေးသင်တန်းကို လေးကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း။

တရားသူကြီးများအတွက် ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေးကျင့်ဝတ် ဘာသာရပ်အား တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းများနှင့် မွမ်းမံသင်တန်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းပို့ချခြင်း၊ တရားရုံးသို့ လာရောက်သူများကို ယဉ်ကျေးပျူငှာစွာဖြင့် လေးစားစွာဆက်ဆံပြောဆိုတတ်စေရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းတို့ကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ တွင် နှစ်စဉ် ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးများအနေဖြင့် ရှေ့နေရှေ့ရပ်ကဲ့သို့ အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် အပြန်အလှန်နားလည်၍ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအကြံပြုသကဲ့သို့ တရားရုံးနှင့် ရှေ့နေရှေ့ရပ်များအပါအဝင် အခြားသက်ဆိုင်သူများကို ဖိတ်ကြားပြီး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေးမဟာဗျူဟာအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားပါကြောင်း။

သို့ပါ၍ ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှု အစီအစဉ်များနှင့် တရားသူကြီးများနှင့် ရှေ့နေ ရှေ့ရပ်များပါဝင်သည့် ပူးပေါင်းလေ့ကျင့်သင်ကြားမှုအစီအစဉ် (Joint Training Program) များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ နားရိုင်းရွာမကြီးမှ နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာထိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာသွားလမ်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လမ်းမိုင်အရှည်အနေဖြင့် ၈/၆ မိုင်ရှိကြောင်း၊ အဆိုပါကျောက်လမ်း ၈/၆ မိုင် လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမတစ်ခုနှင့် ပြေးလမ်း/ပွဲကြည့်စင်ပါသည့် ဘောလုံးကွင်းတစ်ကွင်းအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဇေယျာသီရိမြို့နယ်တွင် အားကစားရေးရာဝန်ကြီးဌာနပိုင် မြို့နယ်အားကစားကွင်းမရှိပါကြောင်း၊ မြို့နယ်အဆင့် ဘောလုံးအားကစားကွင်းတစ်ကွင်း ဖောက်လုပ်မည်ဆိုပါက မြေဧရိယာ ၁၀ ဧကခန့်၊ မြို့တော်ခန်းမတည်ဆောက်မည်ဆိုပါက မြေဧရိယာ နှစ်ဧကခန့် စုစုပေါင်းမြေဧရိယာ ၁၂ ဧကခန့် လိုအပ်မည်ဖြစ်ပါကြောင်း။

မြို့တော်ခန်းမ၊ ပြေးလမ်းပါဘောလုံးကွင်းနှင့် အားကစားပွဲကြည့်စင်များ ဆောက်လုပ်ပေးလိုသော်လည်း လိုအပ်သည့် စုစုပေါင်း မြေဧရိယာ ၁၂ ဧကမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် အုပ်ချုပ်ရေးဦးစီးဌာနတို့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများနှင့် အများပြည်သူပိုင်မြေနေရာများတွင် လုံလောက်သော မြေအကျယ်အဝန်းမရှိပါကြောင်း၊ လုံလောက်သော မြေအကျယ်အဝန်းရရှိပါက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ အားကစားခန်းမ၊ ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာတို့အား ဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် လျာထားတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့ပေါ်ရပ်ကွက် ခုနစ်ခုအား ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေးစီမံချက် (Town Plan)အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ပျဉ်းမနားမြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား လေ့လာသုံးသပ်ခဲ့ပြီး မြို့ပြစီမံကိန်းပညာရှင်များမှ ပျဉ်းမနားမြို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်းအစီရင်ခံစာအား ပြုစုခဲ့ပါကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းအစီရင်ခံစာပါ ပျဉ်းမနားမြို့ကို တစ်မြို့လုံးအတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အဆိုပြုလျာထားအစီအမံများပါဝင်ပါကြောင်း၊ ပျဉ်းမနားမြို့ Drainage System အား ရေးဆွဲထားရှိပြီး ပျဉ်းမနားမြို့တွင်း လက်ရှိတွင် ပင်မရေနုတ်မြောင်းများအနေဖြင့် လိုက်ချောင်း(တောင်ဘက်) အုတ်ရေမြောင်း ၂၀ ဒသမ ၅၄၄ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၀၄ မိုင်၊ လိုက်ချောင်း(မြောက်ဘက်) အုတ်ရေမြောင်း ၁၃ ဒသမ ၃၂၃ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၅၆ မိုင်ရှိပြီး ပျဉ်းမနားမြို့တွင်း ပင်မရေမြောင်းများသို့ စီးဝင်သည့်ရေနုတ်မြောင်းများအား မိုးမကျမီ (၄/၂၀၂၆ လမှ ၁၀/၂၀၂၆ လအထိ) လအလိုက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က စစ်ကိုင်းမြို့သည် မြို့မ ၁၈ ရပ်ကွက်နှင့် တိုးချဲ့ ငါးရပ်ကွက် စုစုပေါင်း ၂၃ ရပ်ကွက်ရှိပါကြောင်း၊ အိမ်ခြေပေါင်း ၁၈၄၇၂ တွင် လူဦးရေပေါင်း ၈၈၃၀၈ ဦး နေထိုင်ပါသဖြင့် တစ်နေ့လျှင် မြို့အတွက် ရေလိုအပ်မှုအနေဖြင့် ဂါလန် ၂ ဒသမ ၃ သန်း ဖြစ်ပါကြောင်း။

လက်ရှိ မြို့ရေပေးဝေရေးအနေဖြင့် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (ရွှေမင်းဝံ၊ ဇေယျာ၊ မြို့သစ်) သုံးရပ်ကွက်တို့အား ပယ်ငါးဆယ်ကျေးရွာမှ ဧရာဝတီမြစ်ရေကို မင်းဝံတောင်ပေါ်ရှိ ရေစစ်ကန်သို့တွန်းတင်ပြီး ရေစစ်ကန်တွင် ကျောက်ချဉ်ထည့်ခြင်း၊ လေဖြင့်သန့်စင်ခြင်း၊ ကျောက်စရစ်ဖြင့် သန့်စင်ခြင်း၊ သဲအနှေးရေစစ်ကန်မှတစ်ဆင့် Chlorine ခတ်ခြင်း အဆင့်ဆင့်သန့်စင်ပြီးသောရေ နေ့စဉ် ဂါလန် ၄၀၀၀၀၀ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်၊ မိုးဇာရပ်ကွက်၊ နန္ဒဝန်ရပ်ကွက်၊ တကောင်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ မြို့သစ်ရပ်ကွက်(အရှေ့ပိုင်း)၊ ပါရမီရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ရွာထောင်ရပ်ကွက်၊ မီးရထားရပ်ကွက်၊ မြေဝတီရပ်ကွက်တို့အနေဖြင့် ရပ်ကွက်အလိုက် ရေပေးရေးကော်မတီများဖွဲ့စည်း၍ ဧရာဝတီမြစ်ရေမှ တိုက်ရိုက်တွန်းပို့စနစ်ဖြင့် အိမ်သွယ်ရေတိုင်များဖြင့် ပေးဝေလျက်ရှိပါကြောင်း။

တစ်မြို့လုံး သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေပေးနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ရာတွင် HDPE ရေတင်ပိုက်လိုင်း ပေ ၄၅၀၀ ခန့် သွယ်တန်းခြင်း၊ HDPE ရေဖြန့်ဝေပိုက်လိုင်း ပေတစ်သန်းခန့် သွယ်တန်းခြင်း၊ မြို့သစ်ရပ်ကွက် ရေကန် နှစ်ဧက အကျယ်နေရာတွင် စက်ရုံတည်ဆောက်ပြီး တစ်ရက်လျှင် ရေဂါလန် နှစ်သန်းခန့်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်ရန် ရည်ရွယ်ထားရှိပါကြောင်း။

ကုန်ကျစရိတ်များပြားပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်းနှင့် BOT ဆောင်ရွက်မည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီးပါက အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး လုပ်ငန်းအပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိ မြေကွက်များအား မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပုဗ္ဗသီရိမြို့၊ ဇေယျာဒီပရပ်ကွက် (Block 7 မှ Block 11) အတွင်းရှိ မြေကွက်များအား အဆောက်အအုံဆောက်လုပ်ရန် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးခြင်း၊ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခြင်းနှင့် အမည်ပြောင်းလဲပေးခြင်း စသည့်မြေစီမံခန့်ခွဲမှုကိစ္စရပ်များအား လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရှိခဲ့ပါကြောင်း။

စစ်မှုထမ်းများအနေဖြင့် ဤမြေကွက်သည် အမှန်တကယ် အိမ်ရာဆောက်လုပ်နေထိုင်မည့်သူများသာ နေရာချထားပေးခြင်းဖြစ်ကြောင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုပါကြောင်းနှင့် မိမိကိုယ်တိုင်သာ နေထိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်အား တစ်ထပ်အဆောက်အအုံသာ ဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာပါမည်ဖြစ်သည်ဟု ကတိပြုလက်မှတ်ရေးထိုးထားပါကြောင်း။

သို့ဖြစ်ပါ၍ ပုဗ္ဗသီရိမြို့ရှိ ဇေယျာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် နဝဒေးရပ်ကွက်တို့တွင် စစ်မှုထမ်းများသို့ နေရာချထားပေးသော မြေကွက်များအား မြေငှားစာချုပ် အမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပေ (၆၀ x ၃၀) အုတ်ညှပ် တစ်ထပ် တစ်ဆောင်ရှိပါကြောင်း၊ လက်ရှိတွင် ကျောင်းသားအင်အားနည်းပါးသည့်အတွက် စာသင်ခန်း သုံးခန်းဖြင့် လုံလောက်စွာ ပညာသင်ကြားနိုင်ပါကြောင်းနှင့် နောင်အခါ ကျောင်းသားအင်အားတိုးပွားလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဈေးတန်း အလက(ခွဲ) မူလတန်းကျောင်း၏ ပင်မဆောင်အား ဖျက်သိမ်းခွင့်ပြုရန်နှင့် နှစ်ထပ် စာသင်ကျောင်းတစ်ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ပံ့ပိုးပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဈေးတန်း-အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ ဆရာမ ၁၅ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၄၄၄ ဦးရှိပါကြောင်း။

စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် သုံးဆောင်ရှိပြီး ပညာပန်းခင်းဆောင်သည် သက်တမ်း ၃၃ နှစ်ခန့် ကြာမြင့်ပြီ ဖြစ်သော်လည်း အင်ဂျင်နီယာ စိစစ်ချက်အရ အန္တရာယ်ရှိကျောင်းဆောင်မဟုတ်ကြောင်း တွေ့ရှိရသည့်အတွက် ပညာပန်းခင်းဆောင်အား အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား တန်းခွဲဦးရေအရ အလယ်တန်းအဆင့်အတွက် လိုအပ်နေသော စာသင်ခန်း နှစ်ခန်းအတွက် ပေ (၆၀ x ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အထက(ခွဲ)ဖက်ကုန်း၊ အမက (မူလွန်ရပ်-၁) နှင့် အထက(မြို့သစ်) ကျောင်းတို့တွင် RC တစ်ထပ် ကျောင်းဆောင် တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်ကုန်း-အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ဆရာ ဆရာမ ဦးရေနှင့် ကျောင်းသား ကျောင်းသူဦးရေအနေဖြင့် ကျောင်းဆောင် လေးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း လုံလောက်မှုရှိပါကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ ရပ်(၁)-အခြေခံပညာမူလတန်း (လွန်)ကျောင်းတွင် ကျောင်းဆောင် သုံးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

မြို့သစ်-အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ရှစ်ဆောင်၊ စာသင်ခန်း ၂၁ ခန်းရှိပါကြောင်း၊ အဆိုပါ မြို့သစ်-အခြေခံပညာအထက်တန်းကျောင်းတွင် ထပ်မံလိုအပ်နေသော စာသင်ခန်း သုံးခန်းအတွက် ပေ (၉၀ x ၃၀) RCC တစ်ထပ် ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ အထက ကျောင်းတွင် RC နှစ်ထပ် တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ဝေါမြို့နယ် ဖိုးဦးစိန်-အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား စုစုပေါင်း ၉၃၂ ဦးရှိပြီး ဆရာ ဆရာမ ၂၆ ဦး ရှိပါကြောင်း၊ စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်း၊ တန်းခွဲ ၂၃ ခုရှိပါကြောင်း၊ ကျောင်းသားတန်းခွဲအရ စာသင်ခန်း ရှစ်ခန်း လိုအပ်နေကြောင်းတွေ့ရပြီး အဆိုပါလိုအပ်နေသည့် စာသင်ခန်း ရှစ်ခန်းအတွက် ပေ (၁၄၀ x ၃၀) RCC နှစ်ထပ် ကျောင်းဆောင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦး၏ **တောင်ငူမြို့နယ် သရက်တော အခြေခံပညာမူလတန်း (လွန်)ကျောင်းတွင် ကျောင်းဆောင်သစ်နှင့် သန့်စင်ခန်းဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ အဝီစိတွင်းတူးခြင်း၊ အဝင်လမ်းခင်းခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် သရက်တော-အခြေခံပညာ မူလတန်းလွန်ကျောင်း ဆရာ ဆရာမ ခုနစ်ဦးရှိပြီး ကျောင်းသား ကျောင်းသူ ဦးရေ ၉၈ ဦး ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် သရက်တော-အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မြစ်ကမ်းပါးအန္တရာယ်ကြောင့် ဖျက်သိမ်းခဲ့ရသော ကျောင်းဆောင် သုံးဆောင်အစား ပေ (၉၀ x ၃၀) RCC တစ်ထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

ခြံစည်းရိုး ၃၃၇ ပေ အုတ်တံတိုင်းကာရံခြင်း၊ ကျောင်းအဝင်တံခါး ၁၂ ပေပြုလုပ်ခြင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေး အဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

နှစ်လက်မ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျောင်းအဝင်လမ်း ၂၂၀ x ၄ x ၃ ပေ ခင်းခြင်းလုပ်ငန်းနှင့် နှစ်ခန်းတွဲ သန့်စင်ခန်း နှစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မြန်မာနိုင်ငံအတွင်းရှိ လတ်တလောဖြစ်နိုင်ခြေ ရှိသောဒေသများတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျောင်းနေအရွယ် အသက် ငါးနှစ်ကလေးများစာရင်းကောက်ယူခြင်း (Survey on School-Age Children (or) School Survey) ကို တွန်းအားပေးဆောင်ရွက်၍ စာသင်ခန်းအရောက်ပို့ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် နှစ်စဉ် ပညာသင်နှစ်တစ်ခုမစမီ (ဧပြီလနှင့် မေလ)တွင် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အသက် ငါးနှစ်ပြည့်ပြီးသူများစာရင်းကို တောင်းခံရယူပြီး KG တွင် ကျောင်းစတင်အပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စနစ်သစ်ပညာရေးအစီအစဉ်အရ အသက် ငါးနှစ်ပြည့်ပြီး KG မတက်ခဲ့ရသော ကလေးများအနက် အသက် ခြောက်နှစ်ပြည့်ပြီးသူ ကလေးများအား Grade 1 တွင် ကျောင်းအပ်နှံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အသက် ခြောက်နှစ်ပြည့်ပြီး ကျောင်းမနေရသေးသည့် ကလေးများစာရင်းကိုလည်းကောက်ယူပြီး ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းအပ်နှံရေးသီတင်းပတ်မတိုင်မီ ကျောင်းအလိုက် ကျောင်းအပ်နှံမည့် ကျောင်းနေအရွယ်ကလေးစာရင်းပြုစုခြင်း၊ ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန်ကျန်ရှိသည့် ကလေးများစာရင်းကိုလည်းကောက်ယူ၍ ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ မိဘဆရာအသင်းများနှင့်ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၇-၂၀၂၈ ပညာသင်နှစ် မတ်လမှစ၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ ကြီးကြပ်မှုဖြင့် အသက် ငါးနှစ်ပြည့်ပြီးသူ ကလေးများစာရင်းနှင့် အသက် ခြောက်နှစ်ပြည့်ပြီး KG မတက်ရသေးသူ ကလေးများစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ် ( ၄၈ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၇၃၅၁ | အစား | ကြည်း ၃၀၉၀၇ |
| ဗိုလ်မှူးကြီး ကျော်သူရ | | ဗိုလ်မှူးကြီး စိုးရန်နောင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

## ၂၀၂၆ ခုနှစ် ကာယပညာနှင့်အားကစားနည်းပြ(မွမ်းမံ)သင်တန်း အမှတ်စဉ်(၃)ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၆ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ(မွမ်းမံ) သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေး စခန်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ အားကစားအဖွဲ့ချုပ်များမှ နည်းပြများ၊ သင်တန်းသား ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ (မွမ်းမံ)သင်တန်းအမှတ်စဉ် (၃)ကို ဇူလိုင် ၁ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်၍ နည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၃၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ပျော်ဘွယ်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၆**


ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကြို့ကုန်း-လယ်တော်-မင်းရွာ-သီးကုန်း ကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်းထန်၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ဇယား(၁)ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဇယား(၂)ကိုလည်းကောင်း ဥပဒေပြုရပါကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ ရှိသည့်နေရာဖြစ်သလို ဒီမိုကရေစီ၏ပြယုဂ်လည်း ဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးနှင့် ပြည်သူကို ကိုယ်စားပြုရေးဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီ လွတ်လပ်စွာ ဥပဒေပြုရသည့်မဏ္ဍိုင်များဖြစ်၍ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union–MPU)ကိုလည်း ဖွဲ့စည်းထားပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်လျက်ရှိ**

မိမိတို့လွှတ်တော်တွင် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လွှတ်တော်၏ လုပ်ဆောင်ချက်များကို ပြည်သူများ နေ့စဉ် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် Website နှင့် Social Media များတွင် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထို့အပြင် လွှတ်တော်သို့ ပြည်သူများ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်လျက်ရှိပြီး လွှတ်တော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ လွှတ်တော်များအနေဖြင့် အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန်အတွက် အာဆီယံပါလီမန်များညီလာခံ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီများကိုဖွဲ့စည်းပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးများ ကျင်းပနေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကံဦးကျေးရွာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ထမ်းများနှင့်အတူ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ကံဦးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။



ဆက်လက်၍ ကံဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း(Smart Village) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကံဦးကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၆၀၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့၌ ကျင်းပသည့် ငွေရေးကြေးရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇူလိုင် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်၌ တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မော်စကိုမြို့ရှိ စဘားဘဏ် (Sber Bank) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ၎င်းဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စဘားဘဏ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ဆိုက်ဘာလုံခြုံရေးနည်းပညာ၊ ငွေကြေးလိမ်လည်မှု စိစစ်တိုက်ဖျက်ရေးနည်းပညာ၊ မိုဘိုင်းဖုန်းနှင့် ကတ်မလိုအပ်ဘဲ ဇီဝအချက်အလက် (Biometrics) အသုံးပြုနည်းပညာတစ်ခုဖြစ်သည့် "Smile Pay" ငွေပေးချေမှုစနစ်တို့ကို ရှင်းလင်းဆွေးနွေးသည်။




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ စိန့်ပီတာစဘတ်မြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်မှ ကျင်းပသည့် ငွေရေးကြေးရေးညီလာခံသို့တက်ရောက်ပြီး နိုင်ငံတကာငွေရေးကြေးရေးဈေးကွက်တွင် နည်းပညာအသစ်များဖြစ်ပေါ်တိုးတက်မှုနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ရုရှားရူဘယ်လ်ကိုအခြေခံသည့် ဒီဂျစ်တယ်ပလက်ဖောင်းအသုံးပြုမှုများ၊ ခရစ်တိုငွေကြေးသုံးစွဲလာမှုနှင့်အတူ ဘဏ်လုပ်ငန်းကြီးကြပ်သူများ၏ စည်းမျဉ်းစည်းကမ်းများဖြင့် ခိုင်မာစွာကြီးကြပ်ရန် လိုအပ်မှုများ၊ မက်ခရိုစီးပွားရေး တည်ငြိမ်မှုဆိုင်ရာမူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ ငွေရေးကြေးရေးညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အမြင်ချင်းဖလှယ်သည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ငွေရေးကြေးရေးညီလာခံသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လူဦးရေ ၁၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊ အီဂျစ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် နီကာရာဂွါနိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အကြီးအကဲများပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နီကာရာဂွါနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

| | |
|---|---|
| ၆-၇-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ |

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အိမ်နီးချင်း မိတ်ဆွေကောင်းမှ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်သို့

သိင်္ဃသူ

*(ယမန်နေ့က အဆက်)*

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် လွင်ပရာဘန်မြို့သို့ ခရီးဆက်ကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတရုံးဝန်ကြီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လွင်ပရာဘန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လွင်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E.Mr. Bounleuam MANIVONG နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်မှ လှိုက်လှဲစွာ ကြိုဆိုနေကြသည့် လာအိုကင်းထောက်လူငယ် မောင်မယ်ကလေးများကလည်း လာအို-မြန်မာ နှစ်နိုင်ငံအလံငယ်လေးများ ကိုင်ဆောင်ဝှေ့ယမ်းလျက်။

လွင်ပရာဘန်သည် လာအိုနိုင်ငံမြောက်ပိုင်း၊ မဲခေါင်မြစ်နှင့် နမ်ခန်မြစ်တို့ဆုံရာတွင် တည်ရှိသော ရှေးဟောင်းမြို့တော်ဖြစ်သည်။ လွင်ပရာဘန်၏ အတိတ်သည် ဒဏ္ဍာရီတို့ဖြင့် ဖုံးလွှမ်းနေသော်လည်း ၁၄ ရာစု အစောပိုင်းကာလ (၁၃၁၆ ခုနှစ်) တွင် တော်ဝင်မင်းသား ဖငွန် (Fa Ngum) ဖွားမြင်ချိန်မှစ၍ သမိုင်းကို ခြေရာကောက်နိုင်သည်။ မင်းသား ဖငွန်သည် ယနေ့ခေတ်ထိုင်းနိုင်ငံ အစိတ်အပိုင်းတော်တော်များများနှင့် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့၏ အစိတ်အပိုင်းများပါဝင်သော အန်းကော မဟာဘုရင့်နိုင်ငံတော်ထဲမှာ ကြီးပြင်းခဲ့သူဖြစ်သည်။ ဖငွန်သည် ခမာမင်းသမီးတစ်ပါးနှင့် လက်ဆက်ပြီးနောက် ထေရဝါဒဗုဒ္ဓဘာသာကို ကိုင်းရှိုင်းသူတစ်ဦးဖြစ်လာသည်။ သူသည် ခမာတို့၏ အင်အားဖြင့် အန်းကော မြောက်ဘက် ဒေသတစ်လွှားကို လက်အောက်သို့ သွတ်သွင်းလိုက်သည်။ ၁၃၅၃ ခုနှစ်တွင် ဘုရင် ဖငွန် (Fa Ngum) သည် လာအိုနယ်မြေများကို စုစည်းကာ လင်းဇင်း (Lan Xang) (ဆင်တော်တစ်သန်း) ဘုရင့်နိုင်ငံကို တည်ထောင်ခဲ့ပြီး လွင်ပရာဘန်ကို မြို့တော်အဖြစ် သတ်မှတ်လိုက်သည်။ လင်းဇင်းဘုရင့်နိုင်ငံ အထွတ်အထိပ်ကာလတွင် ယနေ့ခေတ် လာအိုနိုင်ငံထက် ကျယ်ဝန်းသောနယ်ပယ်ကို စိုးမိုးခဲ့ခြင်းဖြစ်သည်။

လင်းဇင်းခေတ် တော်ဝင်နန်းတော်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး မျက်မှောက်ကာလတွင်မူ နိုင်ငံ၏ အမြင့်မြတ်ဆုံးနေရာ တော်ဝင်နန်းတော်ပြတိုက်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယခင်က နန်းတော်သည် ကျွန်းသစ်များဖြင့်သာ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြန်လည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်)၌ မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်စဉ်။

ပြုပြင်သည့်အခါ ပြင်သစ် Beaux-Arts ဗိသုကာလက်ရာများနှင့် လာအိုဗိသုကာပုံစံတို့ကို ရောနှောကာ အုတ်ဖြင့်အစားထိုး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၅ ခုနှစ် ဘုရင်စနစ်ကို ဖျက်သိမ်းချိန်အထိ လာအိုဘုရင့်တော်ဝင်မိသားစုများ ထွက်ခွာသွားခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်တွင် အမျိုးသားပြတိုက်အဖြစ် ပြောင်းလဲကာ အများပြည်သူကို ဖွင့်လှစ်ပြသခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း"ဖဘန်"ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ကာ ရွှေကြာသကၤန်းနှင့် အများပြည်သူဖူးမြော်နိုင်ရန် မာရဝိဇယရုပ်ပွားတော်မြတ်တစ်ဆူ၊ မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်တို့ကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ ဘုရားကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ တော်ဝင်နန်းတော်ပြတိုက်ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လွင်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

လာအိုနိုင်ငံ လွင်ပရာဘန်မြို့တွင် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် လွင်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဗုန်က ခေတ္တတည်းခိုရာ ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး လွင်ပရာဘန်ပြည်နယ် အတွင်းရေးမှူးနှင့် ဇနီးနှင့် လွင်ပရာဘန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ယခုထက်ပိုမိုအဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လာအိုနိုင်ငံ လွင်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် (Sister City)များဖြစ်ကြပြီး လွင်ပရာဘန်မြို့နှင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

လွင်ပရာဘန်ကို ၁၉၉၅ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့သည်။ အဓိကအချက်မှာ လွင်ပရာဘန်တွင် လာအိုရိုးရာ ဗိသုကာပညာနှင့် ၁၉-၂၀ ရာစု ဥရောပကိုလိုနီ မြို့ပြဗိသုကာလက်ရာများ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ်နေမှုကြောင့်ဖြစ်သည်။ လွင်ပရာဘန်တွင် အရှေ့တိုင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုနှစ်ခု ဟန်ချက်ညီညီ ရောစပ်ယှက်နွယ်နေမှုကို ရှင်သန်နေသည့် ပြတိုက်ကြီးသဖွယ် မြင်တွေ့နေရသည်။ လွင်ပရာဘန်လက်ရာဟန် ဘုရားစံကျောင်းတော်များ၊ ရာစုနှစ်များစွာ ပြောင်းလဲခြင်းမရှိသည့် ဒေသခံများ၏ ရိုးရာပုံစံနေအိမ်များ၊ ပြင်သစ်ကိုလိုနီခေတ် အဆောက်အအုံများ၊ အောက်ထပ်တွင် ပြင်သစ်ဟန် အုတ်တိုက်အဆောက်အအုံကို အခြေခံထား၍ အပေါ်ထပ်ကို လာအိုရိုးရာ အိမ်ပုံစံ၊ လာအိုရိုးရာ အိမ်ခေါင်မိုးပုံစံတို့ ပေါင်းစပ်ထားသည့် အဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ်နေစေသည့် ဗိသုကာဟန်တို့က လွင်ပရာဘန်ကို ကမ္ဘာ့အမွေအနှစ်ဖြစ်လာစေသည်။

❑ **လွင်ပရာဘန်ကို ၁၉၉၅ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့သည်။ အဓိကအချက်မှာ လွင်ပရာဘန်တွင် လာအိုရိုးရာဗိသုကာပညာနှင့် ၁၉-၂၀ ရာစု ဥရောပကိုလိုနီ မြို့ပြဗိသုကာလက်ရာများ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ်နေမှုကြောင့်ဖြစ်သည်။ လွင်ပရာဘန်တွင် အရှေ့တိုင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုနှစ်ခု ဟန်ချက်ညီညီ ရောစပ်ယှက်နွယ်နေမှုကို ရှင်သန်နေသည့် ပြတိုက်ကြီးသဖွယ် မြင်တွေ့နေရသည်။ လွင်ပရာဘန် လက်ရာဟန် ဘုရားစံကျောင်းတော်များ၊ ရာစုနှစ်များစွာ ပြောင်းလဲခြင်းမရှိသည့် ဒေသခံများ၏ ရိုးရာပုံစံနေအိမ်များ၊ ပြင်သစ်ကိုလိုနီခေတ်အဆောက်အအုံများ၊ အောက်ထပ်တွင် ပြင်သစ်ဟန် အုတ်တိုက်အဆောက်အအုံကိုအခြေခံထား၍ အပေါ်ထပ်ကို လာအိုရိုးရာအိမ်ပုံစံ၊ လာအိုရိုးရာအိမ်ခေါင်မိုးပုံစံတို့ ပေါင်းစပ်ထားသည့် အဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ်နေစေသည့် ဗိသုကာဟန်တို့က လွင်ပရာဘန်ကို ကမ္ဘာ့အမွေအနှစ်ဖြစ်လာစေသည်**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လွှန်ပရာဘန်မြို့အတွင်းရှိ ရှေးဟောင်းလာအိုရိုးရာ ဗုဒ္ဓဘာသာဘုရားကျောင်းများ၊ နံနက်ခင်းမိုးလင်းစအချိန် အတန်းလိုက် ဆွမ်းခံကြွလာသည့် သံဃာတော်များ စသည့်မြင်ကွင်းများက နိုင်ငံတကာခရီးသွားတို့ကြားတွင် ကျော်ကြားသည်။ လာအိုနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ တိုးတက်လျက်ရှိရာ ယမန်နှစ်က ခရီးသွား ၄ ဒသမ ၅ သန်းကျော် ဝင်ရောက်ခဲ့ပြီး မျှော်မှန်းထားသည်ထက် ပိုမိုခဲ့သည်။ ယခုနှစ်တွင် နိုင်ငံတကာခရီးသွား ငါးသန်းမှ ခြောက်သန်းအထိ ဝင်ရောက်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ ပထမသုံးလအတွင်း၌ပင် ခရီးသွား ၁ ဒသမ ၃၆ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ လာအိုသို့ အများဆုံးလာရောက်ကြသည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များမှာ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့မှ ဖြစ်သည်ဟု သိရသည်။

လာအိုနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရခြင်း၏အကြောင်းရင်းများတွင် လာအို- တရုတ် မြန်နှုန်းမြင့် ရထားလမ်းဖွင့်လှစ်နိုင်ခြင်းကြောင့် ခရီးသွားလာမှုများ အလွန်မြန်ဆန်လွယ်ကူလာခြင်းက ပထမအကြောင်းရင်းဖြစ်သည်။ ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်များနှင့် ဂေဟာစနစ်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာခြင်း၊ ကမ္ဘာပေါ်တွင် နေထိုင်စားသောက်စရိတ်အသက်သာဆုံးခရီးစဉ်များထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံထားရခြင်းတို့လည်း ပါဝင်သည်ဟု သိရသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လာအိုရိုးရာ ဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်)သို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများ တောင်းကြကာ လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့်



**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွှန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုအမျိုးသမီးငယ်များက ဂုဏ်ပြုပန်းစည်းကမ်း၍ ကြိုဆိုစဉ်။**

ဇနီးနှင့် လွှန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လက်များ၌ မင်္ဂလာကြိုးဖြူ ချည်နှောင်ဆုတောင်းပေးကြသည်။

မဝေးလှသေးသည့် အတိတ်ကာလသမိုင်းကို ပြန်ကြည့်လျှင် လာအိုမြေပေါ်၌ စစ်၏အနိဋ္ဌာရုံများကို တွေ့နိုင်သည်။ နိုင်ငံသားအချင်းချင်းကြားမှ လက်နက်ကိုင်ပဋိပက္ခများနှင့် ထိုအချိန်က ကမ္ဘာ့အင်အားစုကြီးနှစ်ခုကြားမှ စစ်အေးတိုက်ပွဲ၊ ဒိုမီနိုသီအိုရီအမြင်ဖြင့် ကွန်မြူနစ်ဝါဒ ပြန့်ပွားမည်ကို ကြောက်သည့် အမေရိကန်နှင့် စစ်အေးကာလအကြီးမားဆုံး ပဋိပက္ခဖြစ်သော ဗီယက်နမ်စစ်ပွဲ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လာအိုနိုင်ငံကို လျှို့ဝှက်ဗုံးကြဲ တိုက်ခိုက်မှုတို့ဖြစ်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း အမေရိကန်က လာအိုကို ဗုံးတန်ချိန် နှစ်သန်းကြဲချခဲ့သည်။ ကိုးနှစ်တာအတွင်း လေယာဉ်ပျံသန်းမှုအကြိမ်ရေ ၅၈၀၀၀၀ ခန့်၊ ဗုံးအလုံးရေသန်း ၂၇၀ ခန့်ကြဲချခဲ့ရာ ၃၀ ရာခိုင်နှုန်းခန့်မှာ မပေါက်ကွဲဘဲ မြေကြီးထဲတွင် ကျန်ရစ်ခဲ့သည်။ ထိုစဉ်က လာအိုနိုင်ငံ၏ လူဦးရေမှာ နှစ်သန်းကျော်သာရှိရာ လူတစ်ဦးလျှင် ဗုံးတစ်တန်နှုန်း ကြဲချခံခဲ့ရခြင်းဖြစ်ပြီး ကမ္ဘာ့သမိုင်းတွင် လူဦးရေအချိုးအစားအရ ဗုံးကြဲတိုက်ခိုက်မှု အပြင်းထန်ဆုံးခံရသည့် နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဗုံးဒဏ်ကြောင့် လူနှစ်သိန်းကျော် သေဆုံးခဲ့ရာ ထိုစဉ်က နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရခြင်းဖြစ်သည်။

ပြည်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲခြင်း၊ ပြည်ပကျူးကျော်စွက်ဖက်မှုများနှင့် ကိုလိုနီပြုမှု၊ လက်နက်ကိုင်ပဋိပက္ခများ၊ ကိုယ်စားစစ်ပွဲ(Proxy War) စသည်တို့ စွဲထင်နေသည့် အတိတ်မှ ယနေ့ လာအိုနိုင်ငံသားတို့ ရုန်းထလာနိုင်ခဲ့ကြပြီ။ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းတည်ငြိမ်မှုတို့က နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သွားစေသည်။ လာအို၏ နိုင်ငံဖွံ့ဖြိုးရေး တည်ဆောက်မှုတို့တွင်လည်း အဖျက်အမှောင့်တို့ ကင်းသည်တော့မဟုတ်။ ရေအားလျှပ်စစ်အတွက် ဆည်တမံများ တည်ဆောက်မှု၊ မြန်နှုန်းမြင့် ရထားလမ်းတည်ဆောက်မှုတို့ကို သဘာဝပတ်ဝန်းကျင် ဖျက်ဆီးမှု၊ ဂေဟာစနစ်များ ပျက်စီးမှု၊ ရိုးရာလူနေမှုစနစ်များ၊ လူမှုစီးပွားဘဝများ ပျက်စီးမှု၊ ကြွေးမြီ ထောင်ချောက်ကျရောက်မှု ကဲ့သို့သော စွပ်စွဲချက်များ၊ ကန့်ကွက်မှုများသူတို့ ပြည်တွင်းကရော ပြည်ပမှပါ ကျယ်ကျယ်လောင်လောင် အော်ခဲ့ကြဖူးသည်။ မည်သို့ပင်ဖြစ်စေ လာအိုနိုင်ငံသည် အဆိုးရွားဆုံးကာလများကို အတိတ်မှာထားခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးခြေလှမ်းများကို မှန်မှန်လှမ်းကာ ဖွံ့ဖြိုးမှုအနည်းဆုံးနောက်ကျနေသည့် အခြေအနေမှ ရုန်းထွက်လာနေသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် လွှန်ပရာဘန်မြို့တွင် ပြီးဆုံး၍ ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ၏ ဤခရီးစဉ်က ကာလရှည်ရင်းနှီးချစ်ကြည်မှုရှိသည့် အိမ်နီးချင်းနိုင်ငံကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ရန် အားသစ်လောင်းခဲ့သည်။ စီးပွားရေးအရလည်း နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများကို နိုင်ငံနှင့်ပြည်သူတို့ အကျိုးစီးပွားအတွက် ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးမှုများ အကောင်အထည်ပေါ်လာသည်နှင့်အမျှ နှစ်ဖက်အကျိုးစီးပွားတို့ ဖြစ်ထွန်းလာမည်သာဖြစ်သည်။ မြန်မာ-လာအို ချစ်ကြည်ရင်းနှီးမှုသည် အနာဂတ်ကာလတစ်လျှောက် အခွန့်ရှည်ကြာခိုင်မြဲစွာဖြင့် အတူတကွ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း။

---

❍ *ကျောဖုံးမှ*

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်သက်ဇင်၊ ဦးတင်ဦးလွင်၊ ဒေါက်တာမောင်သင်းနှင့် ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event-3 (အမျိုးသမီး) ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်ဖြင့် ဒုတိယဆု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၀ ဖြင့် ပထမဆု၊ Linking Event-3 (အမျိုးသား)ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၉၉ မှတ်ဖြင့် ဒုတိယဆု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၅၀၆ မှတ်ဖြင့် ပထမဆု၊ ၄ ပေါက်တန်း (အမျိုးသမီး) ပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၆၂၂ မှတ်ဖြင့် ဒုတိယဆု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၆၅၁ မှတ်ဖြင့် ပထမဆု၊ ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၃၂၉ မှတ်ဖြင့် ဒုတိယဆု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၄၄၁ မှတ်ဖြင့် ပထမဆုများ ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ နာယကနှင့် ဒုတိယဝန်ကြီးတို့က အတိုးတက်ဆုံးအသင်းဆုများရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အတိုးတက်ဆုံးအသင်းဆုများရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ အတိုးတက်ဆုံးအသင်းဆုများရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသူ၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသူ၊ အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိကြသူနှင့် အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသူများကို ဆုဖလားများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က အမျိုးသမီး Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသား Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်တို့က အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *အမျိုးသားလွှတ်တော်မှ*

ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည် ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက် မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ(၁)၊ (၂)နှင့် ဇော်ဂျီ ရပ်ကွက်တွင် မိုးရာသီကာလ၌ မိုးရွာသွန်းမှုများပြား ခြင်းကြောင့် ဇော်ဂျီချောင်းရေမြင့်တက်ပြီး အိမ်ခြေ (၅၀၀) နီးပါး ရေကြီးနစ်မြုပ်မှုဒဏ်များ ခံစားနေရ ပါသဖြင့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာစေရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး နိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရပ်စောက် မြို့ပေါ်ရှိ ရပ်ကွက်များနှင့် လူနေအိမ်များအတွင်း ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရန်အတွက် ရပ်စောက်-ရွှေညောင်ကားလမ်းပေါ်ရှိ ဇော်ဂျီချောင်း တံတား အောက်ပိုင်းနှင့် အထက်ပိုင်းများတွင် ဇော်ဂျီချောင်းကို အောက်ခြေအကျယ် ပေ(၆၀)၊ ချောင်းအနက် (၂၂) ပေ ရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်း နှင့် လိုအပ်သည့် နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ရပ်စောက်မြို့အတွင်းရှိ ဇော်ဂျီ ချောင်းတစ်လျှောက် လိုအပ်သည့်နေရာများ၌ ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းနှင့် ချောင်းဖြောင့်ခြင်း၊ တံတားမိုးချောင်းအား အောက်ခြေ အကျယ် (၁၅) ပေနှင့် ချောင်းအနက် (၁၁) ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ရေလမ်းကြောင်း ရှင်းလင်း ခြင်းနှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံ များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ (၁)၊ (၂) နှင့် ဇော်ဂျီရပ်ကွက်အတွင်းရှိ ရေကြီးရေလျှံမှု လျော့နည်း သက်သာစေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်း (၃) ခုအား အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် နည်းပညာလိုအပ်ချက်ရှိပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် နှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့အပြင် ဇော်ဂျီချောင်းတစ်လျှောက် ရေကြီး ရေလျှံမှု လျော့ပါးသက်သာစေရန်အတွက် ဇော်ဂျီ ချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲ/ယာရှိ လူနေ အိမ်များမှ အမှိုက်များ ချောင်းအတွင်းသို့ စည်းကမ်းမဲ့ စွာ စွန့်ပစ်ခြင်း၊ ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်း ဘေး ဝဲ/ယာ အချို့နေရာများတွင် ချောင်းရိုးယာ အတွင်း ကျူးကျော်နေထိုင်ခြင်းများကိုလည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြား သည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် အတွင်းရှိ ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်းအရှည် (၅/၀ ဒသမ ၉၆) မိုင်အား မြေသားလမ်းမှ ကျောက် ချောလမ်း သို့မဟုတ် ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင် ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်း၏ လက်ရှိမြေသားလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပြုပြင်ပေးမည် ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဝက်လာကျေးရွာမှ သစ်ဝင်ကုန်း ကျေးရွာအလွန် ပုသိမ်-မုံရွာလမ်းနှင့် ဆုံသောနေရာ အထိ စုစုပေါင်း ၂ မိုင် ၄ ဖာလုံအား ကျောက်လမ်း အဆင့်မြှင့်တင်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင်နှင့် ကျောင်းကုန်း မြို့နယ်အတွင်းရှိ ကျုံပျော်-ကျောင်းကုန်း-မြောင်းမြ- လပွတ္တာ လမ်းအရှည်(၁၈ ဒသမ ၅) မိုင်ခန့်မှာ လက်ရှိ တွင် ကတ္တရာများပေါက်ပြဲပြီး ပျက်စီးနေပါသဖြင့် တစ်နှစ်အတွင်း အပြီးသတ်အဆင့်မြှင့်တင် ဆောင် ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းအရှည် ၁၈ မိုင် ၄ ဖာလုံ၏ လမ်းအခြေအနေသည် ကောင်းမွန် သော အပိုင်း ၄ မိုင် ၆ဖာလုံ၊ အသင့်အတင့်ကောင်းမွန် သောအပိုင်း ၆ မိုင် ၁ ဖာလုံနှင့် ပျက်စီးမှု များပြား သောအပိုင်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအား တစ်နှစ်အတွင်း အပြီးသတ်အဆင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း လတ်တလောသွားလာမှု အဆင်ပြေစေရန်အတွက် ပျက်စီးမှုများပြားသည့် လမ်းမိုင်အရှည် ၇ မိုင် ၅ ဖာလုံအား ဦးစားပေးအဖြစ် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်း များ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ သောင်ကြီး- ဒိုက်ပျက် လမ်းပေါ်တွင် ကျန်ရှိနေသေးသော ကျောက်လမ်း (၃) မိုင်နှင့် အမာခံလမ်း (၆) မိုင် (၆) ဖာလုံတို့အား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီ အစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်က ပထမအဆင့်အနေဖြင့် အမာခံ လမ်းအား ကျောက်လမ်းအဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှ စတင်ပြီး ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လည်း နှစ်အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

လက်ရှိအသုံးပြုနေသော ၁၂ ပေအကျယ် ကတ္တရာလမ်း (၄ မိုင် ၇ ဖာလုံ) အား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်း ကို ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ ကြောင်း၊ အဆိုပါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲ သောလမ်းဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) ဦးရန်နိုင်ဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီ ရရှိခဲ့သည့် လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြားစဉ်။

**က အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်း သတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန် ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်က ကိုဗစ် ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးသမားအချို့၏ သွေးထိုးလှုံ့ဆော်မှု အခြေအနေများကြောင့် ဝန်ကြီး ဌာနအသီးသီးက အလုပ်လျှောက်လွှာခေါ်ယူသည့် အခါတွင် သတ်မှတ်အသက်ထက် ၁ နှစ်၊ ၂ နှစ် ကြီးနေသောကြောင့် အလုပ်အကိုင် မလျှောက်ထား နိုင်သည်ကို တွေ့မြင်ကြရပါကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အလုပ် လျှောက်လွှာခေါ်ယူသည့်အခါ ခိုင်လုံသောအကြောင်း ပြနိုင်သူများကို အသက်သတ်မှတ်ရာတွင် နိုင်ငံတော် နှင့် လူငယ်များ အနာဂတ်အကျိုးအတွက် ဖြေလျှော့ စဉ်းစားပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်စိုးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လူငယ်ထောင်ပေါင်း များစွာသည် ဘွဲ့ရချိန် (၂) နှစ်၊ (၃) နှစ်ခန့်အထိ နောက်ကျခဲ့ကြရပါကြောင်း၊ ယနေ့ တွင် ထိုလူငယ်များသည် အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသော်လည်း ပညာ အရည်အချင်းကြောင့်မဟုတ်ဘဲ အသက် ကန့်သတ် ချက်များကြောင့် အခွင့်အလမ်းများ ဆုံးရှုံးနေကြရပါ ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံး ချမ်းသာ ကြွယ်ဝမှုမှာ ရွှေ၊ ကျောက်မျက်၊ သစ်တောနှင့် သယံ ဇာတများမဟုတ်ဘဲ လူသားအရင်းအမြစ် ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို လူငယ်များအား အထူးအခွင့်အရေးပေးခြင်းဟု မမြင်သင့်ဘဲ နိုင်ငံ တော် ကြုံတွေ့ခဲ့ရသော အရေးပေါ်အခြေအနေများ ကြောင့် ဆုံးရှုံးခဲ့ရသော အချိန်များအတွက် မျှတသော ပြန်လည်စဉ်းစားပေးမှုအဖြစ် ရှုမြင်သင့်ပါကြောင်း၊ သတ်မှတ်အရည်အချင်း ပြည့်မီပြီး အသက်ကန့်သတ် ချက်ကို (၂) နှစ်မှ (၃) နှစ်အထိ အထူးလျှော့ပေါ့ပေး နိုင်မည် ဆိုပါက ထိုလူငယ်များအတွက် မျှော်လင့်ချက် တံခါးတစ်ချပ် ပြန်လည်ဖွင့်လှစ်ပေးခြင်း ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချ နိုင်မည်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံ ကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလ ငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လူသားအရင်း အမြစ်မဆုံးရှုံးစေရန် ရည်ရွယ်၍ လက်ရှိတွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်သော၊ မဟာဘွဲ့ဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော် သောသူများကို နိုင်ငံ့ဝန်ထမ်းသက်အဖြစ် ဝန်ထမ်း များကို ခေါ်ယူလျက်ရှိသည်ကို သိရပါကြောင်း၊ သို့သော် အလုပ်လျှောက်ထားရန် ခေါ်ယူခြင်း ကိစ္စ အပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ် အတွက် ဖြေလျှော့စဉ်းစားပေးစေလိုကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းက ဝန်ကြီး ဌာနများက အလုပ်ဝင်ခွင့် လျှောက်ထားနိုင်ရေး အသက်ကန့်သတ်ချက်များ လျှော့ပေါ့ပြီး ဆောင် ရွက်လျက်ရှိရာတွင် ဒုတိယဘွဲ့နှင့်အထက် ဘွဲ့ဆွတ်ခူး ရရှိထားကြသော လူငယ်များအတွက် အသက် ကန့်သတ်ချက် လျှော့ပေါ့ပေးထားရာတွင် လျော်ကန် သင့်မြတ်မှုရှိနေပါသော်လည်း ပထမဘွဲ့ဒီဂရီ တစ်ခုတည်းသာ ရရှိထားကြသည့် လူငယ်များက အလုပ်ရရှိနိုင်ရေးအတွက် (၃) ကြိမ်၊ (၄) ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြရသဖြင့် အသက် ကန့်သတ်ချက်သည် အနာဂတ်အတွက် အခက်အခဲ တစ်ခုဖြစ်နေပါသဖြင့် ထပ်မံလျှော့ပေါ့စဉ်းစားရန် လိုအပ်နေပါကြောင်း။

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ်များ အကျိုး ရှိရှိ အသုံးပြုနိုင်ရေးအတွက် အသက်အရွယ် နောက်ကျမှ ပထမဘွဲ့ဒီဂရီ ဆွတ်ခူးရရှိခဲ့ကြသည့် လူငယ်များ၏ အနာဂတ်ခရီးလမ်း ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာစေရေး ရည်ရွယ်ချက်ဖြင့် ကာလ အပိုင်းအခြားတစ်ခု သတ်မှတ်ပြီး အသက်ကန့်သတ် ချက် ထပ်မံလျှော့ပေါ့ စဉ်းစားပေးစေလိုပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က ဝန်ကြီးဌာန အချို့သည် First Degree ကို အသက်သတ်မှတ်ချက် ၂၀ နှစ်မှ ၂၅ နှစ်အတွင်းရှိသကဲ့သို့ အသက် ၃၀ နှစ်မှ ၃၅ နှစ်အထိ သတ်မှတ်ထားသည့်အနက် အသက် အနိမ့်ဆုံးအနေဖြင့် အသက် ၃၀ အောက် သတ်မှတ် သင့်သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိကာလအခြေ အနေများအပေါ်မူတည်၍ သက်ဆိုင်ရာဌာနအသီးသီး ၏ လုပ်ငန်းအမျိုးအစားများအပေါ် မူတည်၍ အသက်သတ်မှတ်ချက်ကို နှစ်နှစ်၊ သုံးနှစ် ဖြေလျှော့ ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၁၀) ဦးသန်းအေး (ခ) ဦးတင်ဦးက နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော် အစိုးရဝန်ကြီးဌာနအသီးသီးအလိုက် လုပ်ငန်းတာဝန် များကို ကဏ္ဍအလိုက်၊ အဆင့်အလိုက် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ပေးကြရသူများ ဖြစ်ပါ ကြောင်း၊ လိုအပ်သည့်အရည်အချင်း သတ်မှတ်ချက် များနှင့် ပြည့်မီသူများကိုသာ ခန့်ထားခြင်းဖြင့် စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းယန္တရားတစ်ရပ် အဖြစ် တည်ရှိနေရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်း အရည်အချင်း သတ်မှတ်ချက်များကို ယေဘုယျ လွှမ်းခြုံပြီး ဖြေလျှော့ပေးရန်ဆိုသည်မှာ အလေးထား စဉ်းစားရမည့် ကိစ္စဖြစ်နေပါကြောင်း ဆွေးနွေးသည်။

**ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားခြင်း နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄ နည်းဥပဒေခွဲ (ဃ) တွင် "ဝန်ထမ်းသည် အသက် ၁၈ နှစ် ပြည့်ပြီး ဖြစ်ရမည်"ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့် အသက်ကိုသာ သတ်မှတ် ပြဋ္ဌာန်းထားပြီး အခြားအသက် ကန့်သတ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်း သစ်များ ခန့်ထားနိုင်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်း သဘောသဘာဝပေါ် မူတည်၍ ပညာအရည်အချင်း ကန့်သတ်ချက်၊ အသက်ကန့်သတ်ချက်များကို ၎င်းတို့ခေါ်ယူမည့် အလုပ်နေရာ (Post)၊ လုပ်ငန်းသဘောသဘာဝ၊ လုပ်ငန်း၏ လိုအပ်ချက်များအပေါ်တွင် အခြေခံ စဉ်းစားပြီး**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်များ အပါအဝင် အခြားလိုအပ်ချက်များကို သတ်မှတ်၍ လစ်လပ်ရာထူးများအတွက် ခေါ်ယူသည့် ကြော်ငြာတွင် ထည့်သွင်းပြီး နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာဖြင့် အနည်းဆုံးတစ်လ ကြိုတင် ထုတ်ပြန်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ယခင်က ခြောက်လ (၁) ကြိမ်ဖြင့် တစ်နှစ်လျှင် (၂) ကြိမ် ကြော်ငြာခေါ်ယူ၍ စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လေးလလျှင် (၁) ကြိမ်ဖြင့် တစ်နှစ်လျှင် ကြော်ငြာ (၃) ကြိမ်အထိ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပပုဂ္ဂိုလ်များအား ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်၍ အရည်အချင်း ပြည့်မီသူများကို ရွေးချယ်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ခန့်ထားပေးလျက်ရှိပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များအား အမှုထမ်းအဆင့်စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေ စာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့မှ အမှုထမ်းအဆင့်စတင်ခန့် ရာထူးဖြစ်သော အငယ်တန်းစာရေး ရာထူးအတွက် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၃၀) နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း ဖွန်လတွင် ကြော်ငြာများ ခေါ်ယူထားသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားနိုင်သည်ကိုလည်း ကြော်ငြာတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ကြော်ငြာခေါ်ယူသည့် အသက်သတ်မှတ်ချက်ထက် ၃ နှစ်တိုးမြှင့်၍ ခေါ်ဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း နှစ်စဉ်ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် အသက်ကန့်သတ်ချက်ကို (၃၀) နှစ်၊ (၃၅) နှစ်၊ (၃၈) နှစ်နှင့် (၄၀)နှစ်အထိ အခါအားလျော်စွာ လျှော့ချသတ်မှတ်ပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက သတင်းစာတွင် ကြော်ငြာခေါ်ယူသည့်အခါ မိမိတို့၏ ပညာအရည်အချင်း၊ အသက် ကန့်သတ်ချက်ဖြင့် ကိုက်ညီသည့် ရာထူးနေရာများကို လျှောက်ထားပြီး ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များကို နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနှင့် အငယ်တန်းစာရေး၊ ဒုတိယဦးစီးမှူး ရာထူးများအပါအဝင် အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများအား နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် နှစ်စဉ် ကြော်ငြာခေါ်ယူနေပါကြောင်း၊ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသရှိ ဘွဲ့/ ဒီဂရီရလူငယ်များကို ဝင်ရောက်လျှောက်ထား ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သို့ပါ၍ အလုပ်ခေါ်ယူခြင်း ကြော်ငြာများပါ အသက်ကန့်သတ်ချက်များအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရေးရှုစဉ်းစားပြီး ပြင်ပပုဂ္ဂိုလ်များအား ဝန်ထမ်းအသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ဖြေလျှော့စဉ်းစားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် အဆိုပြုသည့် ဘွဲ့ရပညာတတ်တန်ဖိုးရှိလူငယ် အချို့အား (ကာလဒေသ၊ ကပ်ရောဂါ ကန့်သတ်ချက်အရ) အသက် တစ်နှစ်၊ နှစ်နှစ်ခန့် ကြီးရင့်သွားသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ နိုင်ငံတော်နှင့်လူငယ်များ၏ ရေရှည်အကျိုးကိုရည်မှန်းလျက် ဘွဲ့ရပညာတတ်လူငယ်များအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ ခန့်ထားပေးရန် အချက်အပေါ် လွှမ်းခြုံမှုရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြင်ပပုဂ္ဂိုလ်များအား ဝန်ထမ်းသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် ၎င်းတို့၏ လုပ်ငန်းသဘောသဘာဝနှင့် လိုအပ်ချက်ပေါ် မူတည်၍ သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်များသည် ဘွဲ့ / ဒီဂရီရရှိခဲ့သည့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသည့် လူငယ်များကိုလည်း ကြိုဆိုပါကြောင်းနှင့် ဝန်ထမ်းရေးရာနှင့်ပတ်သက်၍ ကိစ္စရပ်များရှိပါကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း။

မသန်စွမ်းဘွဲ့ /ဒီဂရီရ လူငယ်များအနေဖြင့် လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုခြင်း၊ ရေးဖြေစာမေးပွဲအောင်မြင်ပါက စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း စသည့်အခွင့်အရေးများအား အခြားလူငယ်များနှင့် တန်းတူရရှိကြပါကြောင်း၊ မသန်စွမ်းဘွဲ့ရလူငယ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းက ခေါ်ယူသည့် လစ်လပ်ရာထူး၏ လုပ်ငန်းသဘောသဘာဝအပေါ်မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ သက်ဆိုင်ရာရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားရာတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လေးလ (၁) ကြိမ်ဖြင့် တစ်နှစ်လျှင် (၃) ကြိမ် သတ်မှတ်ပြီး (၄) လ၏ ပထမရက်သတ္တပတ်အတွင်း ကြော်ငြာခေါ်ယူရန် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ဝင်ရောက်လျှောက်ထားရမည့် အချိန်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်း၍လည်း သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် လူငယ်များကို ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် လျှောက်ထားဖြေဆိုနိုင်ရေး နိုင်ငံပိုင် သတင်းစာများနှင့် Myanmar National Web Portal တို့တွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်လကြိုတင်၍ ကြော်ငြာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအားမေးမြန်းရာ အဆိုရှင်က မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*❂ ဒီဇယ်ဆီမှ*

လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

*❊ သဘာဝဓာတ်ငွေ့ရည်မှ*

၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

*❊ ဓာတ်မြေဩဇာမှ*

ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

*✳ ကျောဖုံးမှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာများ၊ ယိမ်းအကအဖွဲ့များ၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*◆ ကမ္ဘာ့ဖလားမှ*

အချိန်ထက် တစ်နာရီကြာ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့ပြီး နံနက် ၇ နာရီခွဲတွင်မှ ပြိုင်ပွဲစတင်ကျင်းပနိုင်ခဲ့သည်။

အင်္ဂလန်အသင်း ခံစစ်ကစားသမား ဂျာရယ်ကွန်ဆာ ပွဲချိန် ၅၄ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် နစ်နာခဲ့ရပြီး လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ မက္ကဆီကိုအသင်းသည် အင်္ဂလန်အသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမား ပစ်ဖို့ဒ်တို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရေး အခက်တွေ့ခဲ့ရသည်။

မက္ကဆီကိုအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ကီညိုနက်စ်သည် ၁၉၉၈ ခုနှစ်က မက္ကဆီကိုအသင်းအတွက် မှတ်တမ်းတင်ထားသော ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ရပ်အတွင်း လူးဝစ်ဟာနန်ဒက်ဇ်၏ လေးဂိုးစံချိန်ကို လိုက်မီခဲ့သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဘရာဇီးကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး ဘရာဇီးနှင့် နော်ဝေအသင်းပွဲစဉ်တွင် နော်ဝေအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ နော်ဝေအသင်းအတွက် သွင်းဂိုးများကို ဟာလန်းတစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ ၎င်းသည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးအထိရှိလာပြီဖြစ်သည်။

**အောင်ဇော်**

*❖ ရှေ့ဖုံးမှ*

ကုက္ကိုလ်၊ စစ်၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း အလုံး ၁၀၀၀၀၀ ကြဲချခြင်းကို ယမန်နေ့က ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ နေပြည်တော်လေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ) မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောရှိ ဧရိယာဧက ၄၃၀ တွင် ကုက္ကိုလ်၊ ဘောစကိုင်း၊ မဲဇလီ၊ အော်ရီးရှားသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်းအလုံး ၂၀၀၀၀၀ ကြဲချရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလိုင်းတစ်၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ၊ တပ်မတော် (လေ) မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သစ်စေ့မြေလုံးများအား ရဟတ်ယာဉ်ဖြင့် ကြဲချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅–၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များနှင့် အရည်အသွေးပညာရေး ဖော်ဆောင်မှု

*ဖော်ထွန်းအောင်(ပညာရေး)*

**ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးသည့် အခြေခံအင်အားဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် ပညာရေး၏အောင်မြင်မှုကို စာမေးပွဲအောင်ချက် သို့မဟုတ် အမှတ်ကောင်းရရှိမှု တစ်ခုတည်းဖြင့် တိုင်းတာခြင်းမဟုတ်တော့ဘဲ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု၊ သင်ယူသူ၏ စွမ်းဆောင်ရည်နှင့် စစ်ဆေးအကဲဖြတ်မှုတို့ အပြန်အလှန်ညီညွတ်မျှတစွာ ချိတ်ဆက်လည်ပတ်နိုင်မှုကို အရေးပါသော အရည်အသွေး ညွှန်းကိန်းတစ်ရပ်အဖြစ် ပိုမိုအလေးထားလာကြပါသည်။**


မသီရိစိုး

ယင်းကို အခြေခံ၍ ပညာရေးဝန်ကြီးဌာနက မြန်မာ့အခြေခံပညာရေးစနစ်သစ် (KG+12)၏ ရည်မှန်းချက်များနှင့်အညီ ကျောင်းသားဗဟိုပြုသင်ယူမှု၊ သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှု၊ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးမြှင့်တင်မှုနှင့် စစ်ဆေးအကဲဖြတ်မှုစနစ်တို့ကို အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနနှင့် သက်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လျက် ရှိကြပါသည်။

ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများ၏ ရလဒ်အဖြစ် ၂၀၂၅ –၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲရလဒ်များသည် ကျောင်းသားများ သင်ယူခဲ့သော အကြောင်းအရာများနှင့် စစ်ဆေးအကဲဖြတ်မှုတို့အကြား ပိုမိုကိုက်ညီမှုရှိလာရေးအတွက် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကို ထင်ဟပ်စေသည့် အားတက်ဖွယ် မှတ်တိုင်တစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ ထိုရလဒ်များသည် ပညာရေးအရည်အသွေး မြှင့်တင်ရေးအတွက် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း အတွေ့အကြုံကောင်းများနှင့် ယုံကြည်မှုများကို ပိုမိုခိုင်မာစေပါသည်။

ဤအောင်မြင်မှုက ပညာရေးဝန်ကြီးဌာန၏ မူဝါဒဦးတည်ချက်များ၊ သက်ဆိုင်ရာ ဌာနများ၏ စနစ်တကျ စီမံဆောင်ရွက်မှု၊ ဆရာ ဆရာမများ၏ စေတနာထား သင်ကြားပို့ချမှု၊ မိဘများ၏ အားပေးကူညီမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ဝီရိယ၊ ဇွဲ လုံ့လနှင့် စည်းကမ်းရှိသော သင်ယူမှုတို့ ပေါင်းစည်း၍ ရရှိလာသော စုပေါင်းအောင်မြင်မှုဖြစ်ပါသည်။

ရလဒ်အခြေပြုပညာရေး စံနှုန်းများအတိုင်း တိကျခိုင်မာစွာ ပုံဖော်ထားသည့် ဤစာမေးပွဲကြီးသည် ပြည်တွင်းရှိ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ရင်ခုန်သံ၊ ကြိုးပမ်းမှုများနှင့် ထပ်တူကျသော ရလဒ်ကောင်းများကို ထွက်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုကျော်ဖြတ်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအားလုံးကို လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ သင်တို့၏ ကြိုးစားအားထုတ်မှုသည် ကိုယ်ပိုင်ဘဝ အောင်မြင်ရေးအတွက်သာမက နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။

### ၂၁ ရာစု သင်ရိုးညွှန်းတမ်း၏ အရည်အသွေးမြင့်မားမှုနှင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု

ပညာရေးစနစ်သစ်၏ သင်ရိုးညွှန်းတမ်းများသည် ကမ္ဘာလုံးဆိုင်ရာ အသိပညာ၊ နည်းပညာနှင့် ၂၁ ရာစု၏ အဓိကလိုအပ်ချက်ဖြစ်သော စွမ်းရည်များကို အခြေခံ၍ စနစ်တကျ ရေးဆွဲထားခြင်းကြောင့် ယင်း၏ ခိုင်လုံမှုနှင့် ယုံကြည်စိတ်ချရမှုသည် မြင့်မားလှပါသည်။

အလွတ်ကျက်မှတ်မှုကို အခြေခံသည့် ရိုးရာသင်ယူမှုစနစ်မှ တဖြည်းဖြည်း ပြောင်းလဲ၍ ကျောင်းသားများ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းတို့ကို အလေးပေးစစ်ဆေးသည့် ဤသင်ရိုးသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် အာဆီယံဒေသတွင်း ပညာရေးစံနှုန်းများတို့နှင့်လည်း ကိုက်ညီနေပါသည်။ ထို့ကြောင့် မြန်မာ့တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်သည် ပြည်တွင်းအသိအမှတ်ပြုမှုအပြင် နိုင်ငံတကာပညာရေးမျက်နှာစာတွင်ပါ ယုံကြည်စိတ်ချရသော အရည်အချင်း အထောက်အထားတစ်ခုအဖြစ် ပိုမိုခိုင်မာလာပြီး အရေးပါသော ရလဒ်တစ်ခုအဖြစ် ရပ်တည်လာပါသည်။

### တစ်နိုင်ငံလုံး အောင်ချက်နှင့် ဒေသအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု

၂၀၂၅–၂၀၂၆ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ တစ်နိုင်ငံလုံးတွင် ဖြေဆိုသူ စုစုပေါင်း ၂၅၅၂၂၈ ဦးရှိခဲ့ပြီး ထိုအနက် ၁၃၃၆၇၃ ဦး အောင်မြင်ခဲ့ပါသည်။ တစ်နိုင်ငံလုံး အောင်ချက် ရာခိုင်နှုန်းမှာ ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး ကျောင်းသားတစ်ဝက်ကျော် အောင်မြင်ခဲ့သည့် အားတက်ဖွယ်ရာ ရလဒ်တစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။

ဤရလဒ်သည် ကျောင်းသားတစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုသာမက ပညာရေးစနစ်တစ်ခုလုံး၏ စုစည်းအကောင်အထည်ဖော်မှုကို ထင်ဟပ်စေသော အရေးပါသည့် အခြေခံညွှန်းကိန်းတစ်ခုလည်း ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးလုပ်ငန်းစဉ်နှင့် စစ်ဆေးအကဲဖြတ်မှု စနစ်တို့အကြား ဆက်စပ်မှုကို သုံးသပ်နိုင်ရန် အထောက်အကူပြုသော ညွှန်းကိန်းတစ်ခုအဖြစ်လည်း တန်ဖိုးရှိပါသည်။ တန်ဖိုးမြင့်မားသည့် အချက်အလက်တစ်ခုအဖြစ်လည်း ရှုမြင်နိုင်ပါသည်။

ဒေသအလိုက်ရလဒ်များကို ဆန်းစစ်ကြည့်ပါက ပညာရေးအခွင့်အလမ်း၊ သင်ကြားရေး အရင်းအမြစ်များနှင့် ဒေသဆိုင်ရာ အခြေအနေများအပေါ် မူတည်၍ အောင်မြင်မှုအဆင့်များတွင် သင့်လျော်သော ကွာခြားမှုများရှိနေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ တည်ငြိမ်ပြီး မျှတသောတိုးတက်မှုလမ်းကြောင်းကိုလည်း တွေ့မြင်နိုင်ပါသည်။

အထူးသဖြင့် **မန္တလေးတိုင်းဒေသကြီး**သည် အောင်ချက်ရာခိုင်နှုန်း ၆၂ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးတွင် ထိပ်တန်းအဆင့်သို့ ရောက်ရှိခဲ့ပြီး ဒေသအလိုက် ပညာရေးစွမ်းဆောင်ရည်၏ အားကောင်းမှုကို ထင်ရှားစွာ ဖော်ပြနေပါသည်။

နိုင်ငံခြားစာစစ်ဌာနများတွင်လည်း ၈၇ ဒသမ ၅၀ ရာခိုင်နှုန်းအထိ မြင့်မားသော အောင်ချက်ရရှိမှုကို တွေ့ရှိရပြီး ပြည်ပရောက်ကျောင်းသားများ၏သင်ယူမှု အခွင့်အလမ်းနှင့် ပညာရေးအရည်အသွေးတိုးတက်မှုကိုလည်း ထင်ဟပ်စေပါသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မျှတကောင်းမွန်သော အောင်မြင်မှုများကို တွေ့မြင်ရပြီး ပညာရေးစနစ်တစ်ခုလုံးအနေဖြင့် တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် ဆက်လက်ရှေ့ဆက်နေကြောင်း သုံးသပ်နိုင်ပါသည်။

### တစ်နိုင်ငံလုံး ပထမ ၅၆၂ မှတ်နှင့် ထူးချွန်မှုမှတ်တမ်း

၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အဆင့်အမြင့်ဆုံးရလဒ်ဖြင့် ထိပ်ဆုံးနေရာကို ဆွတ်ခူးရရှိခဲ့သူမှာ ခုံအမှတ် **မနတ ၆၇ဝ၊ မသီရိစိုး** ဖြစ်ပါသည်။ သူသည် **ကပက(CAE)၊ ချမ်းအေးသာစံမြို့နယ်**မှ ကျောင်းသူ တစ်ဦးဖြစ်ပြီး စုစုပေါင်းရမှတ် **၅၆၂ မှတ်** ဟူသော ထူးချွန်ထက်မြက်သည့် စံချိန်တင် အောင်မြင်မှုဖြင့် တစ်နိုင်ငံလုံး အဆင့်တွင် ထိပ်ဆုံးနေရာကို ဂုဏ်ယူဖွယ် ရရှိခဲ့ပါသည်။

မသီရိစိုးသည် စာမေးပွဲတွင်သတ်မှတ်ထားသည့် ဘာသာရပ် ခြောက်ခုဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒတို့တွင်လည်း အလွန်မြင့်မားသောရမှတ်များဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး **ဘာသာစုံဂုဏ်ထူးဖြင့် ပြောင်မြောက်စွာ အောင်မြင်သူ** ဖြစ်ပါသည်။

ဤကဲ့သို့ ဘာသာရပ်အားလုံးတွင် တစ်သမတ်တည်း ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့ခြင်းက ၎င်း၏ စည်းကမ်းရှိသော ကြိုးစားအားထုတ်မှုနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုတို့၏ ရလဒ်ဖြစ်သည့်အပြင် မြန်မာ့ပညာရေးစနစ်၏စနစ်တကျ အကောင်အထည်ဖော်မှုနှင့် သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှု၏ ထိရောက်မှုကိုလည်း ထင်ဟပ်စေပါသည်။

### သင်ရိုးညွှန်းတမ်း၊ သင်ကြားမှု၊ စစ်ဆေးမှုနှင့် မေးခွန်းများ တစ်ထပ်တည်းကျခြင်း၏ ပြယုဂ်

မသီရိစိုး၏ ၅၆၂ မှတ် အပါအဝင် တစ်နိုင်ငံလုံးအဆင့် ထူးချွန်ကျောင်းသားများ၏ ခြောက်ဘာသာဂုဏ်ထူးရလဒ်များသည် မြန်မာနိုင်ငံ၏ ပညာရေးစနစ်တစ်ခုလုံးတွင် အစိတ်အပိုင်းအမျိုးမျိုးတို့သည် အပြန်အလှန် ချိတ်ဆက်ညီညွတ်စွာ လည်ပတ်နေကြောင်းကို ထင်ရှားစွာ သက်သေပြနေပါသည်။

ဤအောင်မြင်မှုများက သင်ရိုးညွှန်းတမ်း၊ ဆရာ ဆရာမများ၏ သင်ကြားမှု၊ ကျောင်းသားများ၏ လေ့လာသင်ယူမှု၊ စာမေးပွဲမေးခွန်းပြုစုမှုစနစ်နှင့် အမှတ်ပေး စစ်ဆေးအကဲဖြတ်မှုတို့အကြား တစ်ပြိုင်နက်တည်း ညီညွတ်မှုရှိနေခြင်းကို ဖော်ပြနေသော အရေးပါသည့် အထောက်အထား တစ်ခုလည်း ဖြစ်ပါသည်။

အထူးသဖြင့် ပညာရှင်ပါမောက္ခကြီးများက စနစ်တကျရေးဆွဲထားသော မေးခွန်းများသည် သင်ရိုးအတွင်း သတ်မှတ်ထားသည့် ရည်မှန်းချက်များနှင့် ဆရာ ဆရာမများ၏ သင်ကြားပို့ချမှု (Teacher Guide နှင့် Lesson Plan များ အပါအဝင်)တို့ကို တိကျစွာ လွှမ်းခြုံနိုင်ခဲ့ခြင်းကြောင့် ကျောင်းသားများ၏လက်တွေ့သင်ယူမှု အရည်အသွေးနှင့် စာမေးပွဲရလဒ်များအကြား တစ်ထပ်တည်း နီးပါး ကိုက်ညီမှု (Strong Constructive Alignment) ဖြစ်ပေါ်စေခဲ့ပါသည်။

ဤသို့သော အခြေအနေသည် "သင်ကြားသည့်အရာ၊ သင်ယူသည့်အရာ နှင့် စစ်ဆေးသည့်အရာ" တို့အကြား အတူတကွညီညွတ်စွာ ချိတ်ဆက်ထားနိုင်ခြင်း၏ရလဒ်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် မိမိတို့လေ့လာထားသည့် အရည်အသွေးများကို ယုံကြည်စိတ်ချစွာ ဖော်ထုတ်ပြသနိုင်သည့် အားကောင်းသော ပညာရေးပတ်ဝန်းကျင် တစ်ခုဖြစ်ကြောင်းကိုလည်း ထင်ဟပ်စေပါသည်။

### ရလဒ်အခြေပြုပညာရေး အနှစ်သာရနှင့် နိုင်ငံတကာ ကောင်းမွန်သောအတွေ့အကြုံများ

ကမ္ဘာ့ပညာရေးအဆင့်အတန်းမြင့်မားသည်ဟု အသိအမှတ်ပြုခံရသော ဖင်လန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့၏ ပညာရေးအတွေ့အကြုံများကို သုံးသပ်ကြည့်ပါက ယင်းနိုင်ငံများသည် ကျောင်းသားများအား အလွတ်ကျက်မှတ်မှုအပေါ် အလေးပေးခြင်းထက် သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းလမ်းနှင့် စစ်ဆေးအကဲဖြတ်မှုစနစ်တို့ကို တစ်ပြိုင်နက်ညီညွတ်စွာ ချိတ်ဆက်ထားသည့် ရလဒ်အခြေပြုပညာရေးကို အဓိကမဏ္ဍိုင်အဖြစ် တည်ဆောက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

ဤချဉ်းကပ်မှု၏ အဓိကအနှစ်သာရမှာ **"ကျောင်းသားများ မည်မျှသင်ယူပြီးပြီ"**ဟူသည့် အချက်အပေါ် မူတည်၍ ပညာရေးအရည်အသွေးကို တိုင်းတာခြင်းဖြစ်ပြီး စာသင်ခန်းအတွင်း သင်ကြားပို့ချမှုများသည် လက်တွေ့အသုံးချနိုင်စွမ်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးသို့ ဦးတည်သွားစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

> **❝ အလွတ်ကျက်မှတ်မှုကို အခြေခံသည့် ရိုးရာသင်ယူမှုစနစ်မှ တဖြည်းဖြည်းပြောင်းလဲ၍ ကျောင်းသားများ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်း တို့ကို အလေးပေးစစ်ဆေးသည့် ဤသင်ရိုးသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် အာဆီယံဒေသတွင်း ပညာရေးစံနှုန်းများတို့နှင့်လည်း ကိုက်ညီနေပါသည်။ ထို့ကြောင့် မြန်မာ့တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်သည် ပြည်တွင်းအသိအမှတ်ပြုမှုအပြင် နိုင်ငံတကာပညာရေးမျက်နှာစာတွင်ပါ ယုံကြည်စိတ်ချရသော အရည်အချင်း အထောက်အထား တစ်ခုအဖြစ် ပိုမိုခိုင်မာလာပြီး အရေးပါသောရလဒ်တစ်ခုအဖြစ် ရပ်တည်လာ ❞**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU / KNLA-PC)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စောအောင်ကောင်းရွှေနှင့် စောသြဘာ၊ စီးပွားရေးဌာနမှူး စောဒေးဗစ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့သည် မိမိတို့နှင့် စဉ်ဆက်မပြတ် လက်တွဲဆောင်ရွက်နေသည့် အဖွဲ့ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက်လည်း ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးဆက်လက်လျှောက်လှမ်းရန်အတွက် ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်ကြောင်း၊ ငြိမ်းချမ်းရေးလမ်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် ဖိတ်ခေါ်မှုအတွက် ဝမ်းသာကြောင်း၊ ငြိမ်းချမ်းရေးမပျက်သေးဘဲ ယနေ့ကဲ့သို့ အခွင့်အရေးရသည့်အတွက် များစွာဂုဏ်ယူကြောင်း၊ ရိုးသားဖြူစင်စွာဖြင့် ငြိမ်းချမ်းရေးအားဆောင်ရွက်ပါက လွယ်ကူနိုင်မည်ဖြစ်ပြီး ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်း လိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက NCA ကို ဆက်လက်အကောင်အထည်ဖော်ပြီး ဒေသတွင်းတိုက်ပွဲများ မဖြစ်ပွားအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရမှ ပံ့ပိုးဆောင်ရွက်ပေးရေး၊ ထော့ကိုကိုး ဒေသရှိစာသင်ကျောင်းများအတွက် လိုအပ်သည့်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ရရှိရေး၊ သောက်ရေသန့်စက်နှင့် ရေသန့်ရရှိရေး၊ ငှက်ဖျားကာကွယ်ဆေး၊ ကုသဆေး၊ ဆက်စပ်ဆေးဝါး အထောက်အပံ့များ၊ တုပ်ကွေးကာကွယ်ဆေးနှင့် တီဘီရောဂါဆေးဝါးများအား ထောက်ပံ့ပေးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ပဋိပက္ခများလျှော့ချရေးနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေးလုပ်ငန်းစဉ်များကို NSPNCမှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ NCA လမ်းကြောင်းမှ သွေဖည်သွားသည့်အဖွဲ့များ၊ NCA လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စ၊ ဒေသတွင်းပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် လက်အောက်ခံအဖွဲ့များအား စနစ်တကျ ထိန်းသိမ်းပေးရေး၊ Bilateral တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် နည်းလမ်းများရှာဖွေနိုင်ရေးကိစ္စရပ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ဤနိုင်ငံတကာအတွေ့အကြုံများနှင့် ကိုက်ညီစွာ မိမိတို့ မြန်မာနိုင်ငံ၏ သင်ရိုးသစ်စနစ်သည်လည်း ၂၁ ရာစု၏ ဒီဂျစ်တယ်အသွင်ပြောင်းလဲမှုနှင့် လူမှုစီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ စနစ်တကျပြန်လည်ရေးဆွဲအကောင်အထည်ဖော်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် ကျောင်းသားများ၏ အောင်မြင်မှုများနှင့် ရရှိခဲ့သည့် အရည်အချင်းများသည် ပြည်တွင်း ပညာရေးစနစ်အတွင်းသာမက နိုင်ငံတကာအဆင့်တွင်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အချင်းအခြေခံ အာမခံချက်တစ်ခုအဖြစ် တန်ဖိုးထားနိုင်မည်ဖြစ်ပြီး မြန်မာ့လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသော ခြေလှမ်းတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။

**သင်ရိုးသစ်၏ တတိယခြေလှမ်းနှင့် လူငယ်မောင်မယ်များ၏ အနာဂတ်အလင်းရောင်**

မြန်မာနိုင်ငံ၏ KG+12 ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲရလဒ်များသည် သင်ရိုးသစ်အကောင်အထည်ဖော်မှု၏ (တတိယခြေလှမ်း)အဖြစ် အောင်မြင်မှုမှတ်တိုင်သစ်တစ်ခုကို ခိုင်မာစွာ ထူထောင်နိုင်ခဲ့ပါသည်။

ဤအောင်မြင်မှုသည် ကျောင်းသားများအား အလွတ်ကျက်မှတ်မှုအပေါ်သာ မူတည်စေခြင်းမဟုတ်ဘဲ တွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းတို့ကို တစ်ပြိုင်နက် ဖွံ့ဖြိုးစေရန် ရည်ရွယ်သော စနစ်သစ်၏ အကျိုးသက်ရောက်မှုကို လက်တွေ့ဖော်ပြနေပါသည်။ ထို့ကြောင့် စာမေးပွဲသည်အတားအဆီးတစ်ခုမဟုတ်တော့ဘဲ မိမိတို့၏ အရည်အချင်းကို ယုံကြည်စွာ ထုတ်ဖော်ပြသနိုင်သည့် အခွင့်အလမ်းတစ်ခုအဖြစ် ပိုမိုတန်ဖိုးရှိလာပြီး နောင်မျိုးဆက်များအတွက်လည်း ပညာရေးအနာဂတ်ကို ပိုမိုတောက်ပစေမည့် လမ်းပြမြေပုံတစ်ခုအဖြစ် တည်ရှိနေပါသည်။

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ရလဒ်များ - အမှတ်အများဆုံး Top 10 မှတ်တမ်း**

ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲအလိုက် တစ်နိုင်ငံလုံးအဆင့် အမှတ်အများဆုံး ရရှိခဲ့သည့် ထူးချွန်ကျောင်းသားများ၏ မှတ်တမ်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**(Top -1)** မသီရိစိုး - ခုံအမှတ် မနတ ၆၇၀၊ ကပက (CAE) ချမ်းအေးသာစံ - **၅၆၂ မှတ်**

**(Top 2 – 10 )**

- မအေးချမ်းမြေ့ - ဖမက ၃၄၉၊ မကွေး - ၅၅၆ မှတ်
- မောင်စည်သူဗိုလ် - မနအ ၁၄၁၊ မဟာအောင်မြေ - ၅၅၆ မှတ်
- မသက်နှင်းစံ - ဆဒဂ ၆၃၊ ဒဂုံ(၁) - ၅၅၃ မှတ်
- မောင်ညာဏ်ဟိန်းဇေ - ဖမက ၂၈၄၊ မကွေး - ၅၅၂ မှတ်
- မမေဇင်ဖုန်းမြတ် - မနတ ၈၅၉၊ ချမ်းအေးသာစံ - ၅၅၁ မှတ်
- မအိကေဇင် - မနအ ၁၉၄၂၊ မဟာအောင်မြေ - ၅၅၁ မှတ်
- မသင်းပျံ့ပြည့်စုံခင် - မမလ ၂၉၈၊ မလှိုင် - ၅၅၁ မှတ်
- မောင်ဘုန်းတေဇသွေး - ဖမက ၅၅၉၁၊ မကွေး - ၅၅၀ မှတ်
- မဆောင်းနှင်းဖြူ - မနအ ၁၉၈၀၊ မဟာအောင်မြေ - ၅၅၀ မှတ်
- မခင်ငြိမ်းစု - မမလ ၃၆၆၊ မလှိုင် - ၅၅၀ မှတ်

ရလဒ်များကို သုံးသပ်ကြည့်ပါက အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားများ ပါဝင်နေပြီး အားလုံးသည် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်ကို တွေ့ရှိရသည်။ ယင်းသည် မြန်မာ့ပညာရေးစနစ်၏ အရည်အသွေးမြှင့်တင်မှုနှင့် ဘက်စုံညီညွတ်တိုးတက်မှုကို ထင်ဟပ်စေသော အရေးပါသည့်မှတ်တိုင်တစ်ခုအဖြစ် တန်ဖိုးရှိစွာ ရပ်တည်နေပါသည်။

စုစည်းဖော်ပြရမည်ဆိုပါက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု ရလဒ်များသည် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ မဟာဗျူဟာမြောက် စီမံခန့်ခွဲမှု၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများ၏ စံချိန်မီမေးခွန်းပြုစုမှု၊ အခြေခံပညာ ဆရာ ဆရာမများ၏ စေတနာပါသော သင်ကြားပို့ချမှုနှင့် ကျောင်းသားလူငယ်များ၏ ကြိုးစားအားထုတ်မှုတို့ အတူတကွ ပေါင်းစည်းဖြစ်ပေါ်လာသည့် အမျိုးသားရေးအဆင့် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ပါသည်။

ဤအလွန်တောက်ပလှသော အောင်မြင်မှုအခါသမယတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအားလုံးကို လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ အထူးသဖြင့် တစ်နိုင်ငံလုံး ပထမနေရာကို **၅၆၂ မှတ်**ဖြင့် ထူးချွန်စွာ ရရှိခဲ့သည့် သမီးငယ် **မသီရိစိုး**အားလည်း ပညာရေးဝန်ကြီးဌာနကိုယ်စား အထူးလေးစားဂုဏ်ပြုကြောင်း ဖော်ပြအပ်ပါသည်။

သင်ရိုးသစ်၏ တတိယခြေလှမ်းအဖြစ် ရရှိလာသော အောင်မြင်မှုများသည် အနာဂတ်လူ့စွမ်းအားအရင်းအမြစ်ကို ပိုမိုခိုင်မာအားကောင်းစေမည့် အခြေခံတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မှတ်တိုင်တစ်ခုလည်း ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှုရှားဘာသာစကားအခြေခံသင်တန်းဖွင့်ပွဲ တက်ရောက်

**ထားဝယ် ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရုရှားဘာသာစကား အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ရုရှားဘာသာစကားအခြေခံသင်တန်းအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်ကြပြီး နည်းပြများက ဇူလိုင် ၆ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မျက်စိခွဲစိတ်ကုသမှုခံယူနေသော လူနာများအတွက် အလှူငွေပေးအပ်

**မကွေး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သီတဂူမြင့်မိုရ်စံ စက္ခုဒါန ဆေးရုံကြီး၌ (စတုတ္ထအကြိမ်) အခမဲ့မျက်စိ ခွဲစိတ်ကုသမှုခံယူနေသောလူနာများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးတို့က မျက်စိခွဲစိတ်ကုသမှု ခံယူနေသော လူနာများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းပြီး သီတဂူမြင့်မိုရ်စံ စက္ခုဒါန ဆေးရုံကြီးအတွင်း အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သီတဂူဝေယျာဝစ္စ အဖွဲ့ဝင်များက ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ခေတ်မီစက်ကိရိယာများဖြင့် မျက်စိဝေဒနာရှင်များကို ကုသပေးနေမှု အခြေအနေကို ကြည့်ရှုကာ မျက်စိဝေဒနာရှင်များအတွက် မျက်မှန်၊ မျက်စဉ်း၊ ဆေးဝါး၊ ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

အဆိုပါ ဆေးရုံကြီးတွင် မျက်စိအတွင်းတိမ်နှင့် ရေတိမ်ဝေဒနာရှင်များကို သီတဂူအထူးကု ဆရာဝန်ကြီးများက ဇွန် ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအားလုံး၏ နေထိုင်စားသောက်ရေးအတွက် သီတဂူသာသနာပြုအဖွဲ့နှင့် အလှူရှင်များက အခမဲ့စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ဟားခါး ဇူလိုင် ၆**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ စစ်ဗျူဟာမှူး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးဦးမျိုးမြင့်က ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ စာသင်ကျောင်း၊ ရုံးနှင့် စည်ပင်သာယာဈေးများ ပြန်လည်ဖွင့်လှစ်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ဖြန့်ဝေထားရှိမှုနှင့် နိုင်ငံ့ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## လူငယ်တို့၏ စိတ်ဓာတ်ခွန်အားနှင့် မူးယစ်ဆေးကင်းစင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ကြီးမှူးစီစဉ်သည့် **"လူငယ်တို့၏ စိတ်ဓာတ်ခွန်အားနှင့် မူးယစ်ဆေး ကင်းစင်ရေး"** အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ လူငယ်ကိုယ်စားလှယ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် (၁)၊ စိတ်ကျန်းမာပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာ ထိုက်အောင်မြင့်နွယ်က လူငယ်တို့၏ စိတ်ဓာတ်ခွန်အားနှင့် မူးယစ်ဆေးကင်းစင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ တက်ရောက်လာကြသည့် လူငယ်အားကစားမောင်မယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်

**မော်လမြိုင် ဇူလိုင် ၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်း လမ်းဘေးဝဲယာ၌ ပြုလုပ်ရာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ဗမာ၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာရပ်မိရပ်ဖများအား ပျိုးပင်များ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **စည်သူ(ပြန်/ဆက်)**



## မိုးနှမ်းနှင့် မြေနိမ့်ကော်ဖီ (ရိုဘတ်စတာ)စိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**အထက်မင်းလှ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာရှိ ကွင်းအမှတ် (၈၅၇) တောင်သူ ဦးဝင်းသိန်း၏ ၃ ဒသမ ၅ ဧက မိုးနှမ်းစိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးမျိုးဦး၏ တစ်ဧက မြေနိမ့်ကော်ဖီ (ရိုဘတ်စတာ) စိုက်ခင်းတို့ကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



**ဝင်းမြတ်(အထက်မင်းလှ)**



## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇူလိုင် ၄ ရက်က ဖလမ်း–ဟားခါး လမ်းပိုင်းအခြေအနေကို လှည့်လည်ကြည့်ရှုပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လျာထားချက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့များရှိ ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူ့ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ပရိဘောဂများ၊ စက်ပစ္စည်းများနှင့် ပြည်သူများ၏ အဆောက်အအုံများကို ပျက်စီးမှုအမျိုးအစားအလိုက် ဦးစားပေးအစီအစဉ်ဖြင့် ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား နိုင်ငံတော်မှပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြီးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေးသည် အဓိကအရေးကြီးသဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ စဉ်ဆက်မပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၆) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV) နည်းပညာ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွှဲလွှဲသိန်းသည် ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပသည့် EV ပြုပြင်ထိန်းသိမ်းမှု သင်တန်း (၂/၂၀၂၆) ဖွင့်ပွဲကို Video Confe–rence စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား ၁၄ ဦး၊ ပြင်ပ EV ကုမ္ပဏီများနှင့် EV Workshop များမှ သင်တန်းသား ၁၆ ဦး တက်ရောက်ကြပြီး EV အဆင့်မြင့် သင်ထောက်ကူ ပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး ဇူလိုင် ၆ ရက်မှ ၂၄ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ၄ ရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်း၊ သင်တန်းချိန် နာရီ ၉၀ ဖြင့် ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ကြီးကြပ်မှု တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Kunming Vocational University of Science and Technology တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့သော တရုတ်အစားအစာ ချက်ပြုတ်နည်း သင်တန်း သင်တန်းဆင်းပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ကြင်တော်ယန် တရုတ်ဘုံကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာ ဘာသာစကား သင်တန်းကျောင်း ဥက္ကဋ္ဌက သင်တန်းတွင် စာတွေ့/လက်တွေ့ သင်ကြားပေးခဲ့မှုများနှင့် သင်တန်းဆက်လက် ဖွင့်လှစ်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းငွေးက အကောင်းဆုံးချက်ပြုတ်ခဲ့သည့် အဖွဲ့များကို ဆုများချီးမြှင့်ကာ သင်တန်းကျောင်း ဥက္ကဋ္ဌက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် HOTEL HAZEL ၌ မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်းဇုန်)၊ မန္တလေးတိုင်းဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လျှော်ဘေးအန္တရာယ် အသိပညာပေးပွဲနှင့် သရုပ်ပြလေ့ကျင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ နေပြည်တော်အတွင်း လျှော်ဘေးအန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းအတွက်အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမင်းဦးနှင့် ဦးထွန်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ကျောင်းသား ကျောင်းသူများ အနေဖြင့် သဘာဝဘေးအန္တရာယ်များ၏ဆောင်ရန်၊ ရှောင်ရန်များကိုလေ့လာကြပြီး မိမိ၏ပတ်ဝန်းကျင်တွင် ပြန်လည်ပြီး အသိပညာများဖြန့်ဝေပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှော်ဘေးသရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်မှုအဖြစ် လျှော်လှုပ်ခြင်း၊ အချက်ပေးခြင်းနှင့်အတူ ကျောင်းသား ကျောင်းသူများက ဝပ်၊ ကာ၊ ကိုင် ပုံစံဖြင့်နေရာယူခြင်း၊ အဆောက်အအုံနှင့် လွတ်ကင်းရာ ကွင်းပြင်နေရာများတွင် နေရာယူခြင်း စသည်တို့ကို သရုပ်ပြခဲ့ကြသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

## ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် လားရှိုး၌ သစ်ပင်စိုက်



**လားရှိုး ဇူလိုင် ၆**

ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက်က လားရှိုးမြို့ နမ့်ခိုက်ကျေးရွာ စိုက်ကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇေယျာညို၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီ၊ ရေသင်းဝင်၊ သစ်လှ အပင်စုစုပေါင်း ၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## တရုတ်နှင့် ရုရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု စတင်

ချင်းတောင် ဇူလိုင် ၆



တရုတ်နှင့် ရုရှားနိုင်ငံတို့သည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ချင်းတောင်မြို့ရှိ စစ်ဘက်ဆိုင်ရာဆိပ်ကမ်းတစ်ခု၌ Joint Sea-2026 အမည်ရှိ ပူးတွဲပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၆ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို တပ်ဖွဲ့ဖွဲ့စည်းခြင်း၊ ဆိပ်ကမ်းအခြေစိုက် စီမံချက်ရေးဆွဲခြင်းနှင့် ပင်လယ်ပြင်စစ်ရေးလေ့ကျင့်ခြင်း စသည့် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် အမိန့်ပေးကွပ်ကဲမှုဆိုင်ရာ လေ့ကျင့်မှုနှင့် ဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး လေ့ကျင့်မှုများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အိုပက်ပလပ်စ်အဖွဲ့ဝင်နိုင်ငံများ ငါးလဆက်တိုက် ရေနံစိမ်းထုတ်လုပ်မှု တိုးမြှင့်မည်

ဗီယင်နာ ဇူလိုင် ၆

အိုပက်ပလပ်စ်အဖွဲ့ဝင် ခုနစ်နိုင်ငံသည် လာမည့် ဩဂုတ်လတွင် ရေနံစိမ်းထုတ်လုပ်မှုကို ထပ်မံ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းကြောင့် ရေနံစိမ်းထုတ်လုပ်မှု တိုးမြှင့်ရေးအစီအစဉ်မှာ ငါးလမြောက် မြင့်တက်လာတော့မည်ဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့ အပါအဝင် အဓိကရေနံထုတ်လုပ်သည့် နိုင်ငံများသည် ဇူလိုင် ၅ ရက်က အွန်လိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး လာမည့်လတွင် တစ်ရက်လျှင် ရေနံစိမ်းစည် ၁၈၈၀၀၀ တိုးမြှင့်ထုတ်လုပ်ရန် သဘောတူညီခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

## ဂျပန်အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်

တိုကျို ဇူလိုင် ၆

အားကောင်းသော မိုးတိမ်တောင်များ၏ သက်ရောက်မှုကြောင့် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူးရှူးကျွန်းမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း၊ အိုကီနာဝါနှင့် အာမာမီဒေသများတွင် ဇူလိုင် ၉ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လှိုင်းကြီးနိုင်ကြောင်း၊ အိုကီနာဝါခရိုင်တွင်လည်း ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ပြင်းထန်ရာသီဥတုအခြေအနေများ ကြုံတွေ့နိုင်ကြောင်း ဂျပန်မိုးလေဝသ အရာရှိများက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ သတိထား နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

## သီရိလင်္ကာ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ခြောက်သောင်းကျော်လာ

ကိုလံဘို ဇူလိုင် ၆

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူအသစ် ၂၆၀၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ယခုနှစ်အတွင်း ရောဂါဖြစ်ပွားသူစုစုပေါင်း ၆၁၀၆၀ ရှိပြီဖြစ်ကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာန (NDCU)က ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အနောက်ပိုင်းပြည်နယ်သည် ရောဂါဖြစ်ပွားသူ ၃၂၀၅၄ ဦးဖြင့် နိုင်ငံတစ်ဝန်းဖြစ်ပွားသူစုစုပေါင်း၏ ၅၂ ဒသမ ၅ ရာခိုင်နှုန်းရှိကာ အများဆုံးဖြစ်ပွားသည့်ဒေသဖြစ်ပြီး ဇွန်လသည် ယခုနှစ်အတွင်း ရောဂါဖြစ်ပွားသူ ၂၁၅၄၆ ဦးဖြင့် ကူးစက်မှုအမြင့်ဆုံးလဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံက ငရုတ်ကောင်း တန်ချိန်တစ်သိန်းခွဲနီးပါး ပြည်ပသို့တင်ပို့

ဟန္နိုင်း ဇူလိုင် ၆

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၉၄၀ ဒသမ ၅ သန်းတန်ဖိုးရှိ ငရုတ်ကောင်း ၁၄၅၆၈၆ တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ရာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပမာဏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုး ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း ဗီယက်နမ်ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်းကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၆ ရက်တွင် ထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံသည် အကြီးဆုံးငရုတ်ကောင်းတင်ပို့ရာ ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး ယခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်နိုင်ငံသို့ ငရုတ်ကောင်း ၃၅၃၆၂ တန် တင်ပို့ခဲ့ကာ ယမန်နှစ်အလားတူကာလထက် ၂၈ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ထားကြောင်း သိရသည်။

ဆင်ဟွာ

## ဆူဒန်နိုင်ငံ၌ နှစ်ဝက်အတွင်း ကလေးထိခိုက်သေဆုံးသူ ၃၃၀ ထက်မနည်းရှိနေ

ခါတွန် ဇူလိုင် ၆

၂၀၂၆ ခုနှစ် ပထမခြောက်လအတွင်း ဆူဒန်နိုင်ငံ၌ ကလေးသေဆုံးသို့မဟုတ် ဒဏ်ရာရရှိသူ ၃၃၀ ထက်မနည်းရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဇူလိုင် ၆ ရက်တွင် ပြောကြားခဲ့ပြီး ဒါဖားနှင့် ကော်ဒိုဖန်ပြည်နယ်တို့၌ ကလေးထိခိုက်သေဆုံးမှု အများဆုံး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆူဒန်နိုင်ငံ၌ ထိခိုက်သေဆုံးမှုများ၏ ၆၀ ရာခိုင်နှုန်းမှာ ဒရုန်းဖြင့် တိုက်ခိုက်မှုများကြောင့်ဖြစ်ပြီး မြောက်ကော်ဒိုဖန်ပြည်နယ် အယ်အိုဘိဒ်မြို့ဝန်းကျင်ရှိ အရပ်သား ငါးသိန်းခန့်မှာ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ယူနီဆက်ဖ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့နှင့် အရန်ထောက်ပံ့ရေးတပ်ဖွဲ့တို့အကြား ၂၀၂၃ ခုနှစ် ဧပြီလမှစတင်၍ ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဆူဒန်နိုင်ငံရှိ ကလေးငါးသန်းနီးပါး နေရပ်စွန့်ခွာခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ဇူလိုင် ၈ ရက် နံနက်ပိုင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဆွစ်ဇာလန်နဲ့ ကိုလံဘီယာ အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်လှမ်းသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ဆွစ်ဇာလန်ထက် ခံစစ်ပိုင်းပိုကျစ်လျစ်တဲ့ ကိုလံဘီယာ နိုင်ဖွယ်ရာရှိတယ်

### ဆွစ်ဇာလန် VS ကိုလံဘီယာ

ရှုံးပွဲမရှိ ၁၆ သင်းတက်လှမ်းလာတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုအပြင် ခြေရည်တူနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဆွစ်ဇာလန်က ဂိုးသွင်းထက်မြက်ပေမယ့် ခံစစ်ပိုင်း အားနည်းတတ်တာ သတိပြုရမယ်။ ကိုလံဘီယာက ခြေစွမ်းတည်တည်ငြိမ်ငြိမ်နဲ့ အသင်းတိုင်းကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတယ်။ ဆွစ်ဇာလန်ထက် ခံစစ်ပိုင်းမာကျောကျစ်လျစ်မှုရှိတဲ့ ကိုလံဘီယာ နိုင်ဖွယ်ရာရှိတယ်။

| အုပ်စုပွဲစဉ် ရလဒ်များ | ဆွစ်ဇာလန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| ကာတာ ၁-၁ ဆွစ်ဇာလန် | ၃၂ သင်းအဆင့် ရလဒ် |
| ဆွစ်ဇာလန် ၄-၁ ဘော့စနီးယား | ဆွစ်ဇာလန်၂-၀အယ်ဂျီးရီးယား |
| ဆွစ်ဇာလန် ၂-၁ ကနေဒါ | |

| အုပ်စုပွဲစဉ် ရလဒ်များ | ကိုလံဘီယာအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ |
|---|---|
| ဥဇဘက် ၁-၃ ကိုလံဘီယာ | ၃၂ သင်းအဆင့် ရလဒ် |
| ကိုလံဘီယာ ၁-၀ ကွန်ဂို | ကိုလံဘီယာ ၁-၀ ဂါနာ |
| ကိုလံဘီယာ ၀-၀ ပေါ်တူဂီ | |

■ စောင့်ကြည့်ရမယ့် ကစားသမားများ - ဆွစ်ဇာလန်

**ဂျိုဟန် မန်ဇမ်ဘီ (ကွင်းလယ်တိုက်စစ်)**



✓ ဂိုးဖန်တီးနိုင်စွမ်း မြင့်မားပြီး ဂိုးသွင်းယူမှုအားကောင်းခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၅ ကြိမ်

**ဘရီးလ် အမ်ဘိုလို (တိုက်စစ်)**



✓ လျင်မြန်ဖျတ်လတ်မှုနဲ့အတူ ပြိုင်ဘက်ခံစစ်ကို ထိုးဖောက်ပြီး ဂိုးသွင်းယူနိုင်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၄ ကြိမ်

■ စောင့်ကြည့်ရမယ့် ကစားသမားများ - ကိုလံဘီယာ

**လူးဝစ် ဒီယက်ဇ် (တောင်ပံစစ်)**



✓ တစ်ဦးချင်းကျော်ဖြတ်နိုင်စွမ်းနဲ့ ဂိုးသွင်းစွမ်းရည်ထက်မြက်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၂ ကြိမ်

**ဒန်နီရယ် မူနော့ဇ် (ခံစစ်)**



✓ ခံစစ်အပြင် တိုက်စစ်အထိ လိုက်ပါပြီး ဂိုးသွင်းယူနိုင်ခြင်း။

ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၂ ကြိမ်

■ ဇူလိုင် ၈ ရက် ပွဲစဉ်ဇယား (မြန်မာစံတော်ချိန်)

✓ ကစားမည့် အချိန် - နံနက် ၂ နာရီခွဲ
✓ ကမ္ဘာ့ဖလားပြိုင်ပွဲ - ၁၆ သင်းအဆင့်
✓ ကစားမည့် ကွင်း - BC Place Vancouver

■ ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုး + ဂိုးဖန်တီးမှုအများဆုံး ကစားသမားများ

| | အမည် | အသင်း | သွင်းဂိုး + ဂိုးဖန်တီးမှု |
|---|---|---|---|
| ၁။ | အမ်ဘာပေ | ပြင်သစ် | ၉ ကြိမ် |
| ၂။ | မက်ဆီ | အာဂျင်တီးနား | ၇ ကြိမ် |
| ၃။ | ကိန်း | အင်္ဂလန် | ၇ ကြိမ် |

## တူနီးရှားအသင်းနှင့် နည်းပြဟာ့ဗ်ရေနာ့ဒ် လမ်းခွဲ



ဟာ့ဗ်ရေနာ့ဒ်သည် တူနီးရှားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ယခုအခါ နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီ ဖြစ်ကြောင်း သိရသည်။

တူနီးရှားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် တူနီးရှားက ဆွီဒင်ကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်အပြီးတွင် နည်းပြဆဘာရီလာမွန်ချီ၏နေရာကို အသက် ၅၇ နှစ်အရွယ် ပြင်သစ်လူမျိုးနည်းပြ ရေနာ့ဒ်ဖြင့် အစားထိုးခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ရေနာ့ဒ်က တူနီးရှားအသင်းကို နည်းပြခွင့်ရရှိခဲ့သည့်အတွက် ဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ကြောင်း ဇူလိုင် ၄ ရက်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။ နည်းပြရေနာ့ဒ်လက်ထက်တွင် တူနီးရှားအသင်းသည် ဂျပန်ကို လေးဂိုး-ဂိုးမရှိ၊ နယ်သာလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

## နည်းပြကိုင်ရော့ဇ် ဂါနာအသင်းမှ နုတ်ထွက်



ကားလို့စ်ကိုင်ရော့ဇ်သည် ဂါနာအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီ ဖြစ်သည်။ ၇၃ နှစ်အရွယ် နည်းပြကိုင်ရော့ဇ်သည် ဧပြီလတွင် ဂါနာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ပြီး အကောင်းဆုံး အုပ်စုတတိယဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်အောင် ကူညီပေးထားနိုင်ခဲ့သည်။ သို့သော်လည်း ဂါနာအသင်းသည် ၃၂ သင်းအဆင့်တွင် ကိုလံဘီယာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

■ မိုးဇက်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘယ်လာရုစ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘယ်လာရုစ်နိုင်ငံသားတစ်ဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ဘယ်လာရုစ်နိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၆**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ကိုးထပ်အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၉ လုံးအား စနစ်တကျ ဖြိုချ ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ရှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက်အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် **"လက်နက်မဲ့ပြည်သူများကို ရက်စက်စွာ ရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေး အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မင်းဘူး(စကု)မြို့နယ်၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းကို ဇူလိုင် ၄ ရက်က ကန်ရေကျေးရွာ ဓမ္မာရုံ၌ပြုလုပ်ရာ သင်တန်းသူများအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နုရွှေစင် က အမှာစကားပြောကြားစဉ်။
မောင်မောင်(မင်းဘူး)

# ရွှေတောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ရွှေတောင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးကျော်ဝင်းဆွေ ဦးဆောင်သည့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံသားကတ်နှင့်UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



**မိုးစပါးစံပြစိုက်ခင်း၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြ**

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ရွှေနံ့သာကျေးရွာ တောင်သူဦးအောင်ချစ်၏ လယ်မြေတွင် အောင်နိုင်တိုးစပါးမျိုးကို မျိုးစေ့ချကိရိယာ –Drun Seeder ဖြင့် ၅ ဧက စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၄ ရက်က ဆောင်ရွက်သည်။

အဆိုပါ မိုးစပါး(Seeder)ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွေးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# AI နှင့် ခရီးသွားလုပ်ငန်းသဘောကို စောကြောကြည့်မိခြင်း

**၂၁ ရာစု၏ အရေးပါဆုံးသော နည်းပညာရပ်တစ်ခုကို ညွှန်ပြပါဟုဆိုလာပါက Artificial Intelligence (AI) ဟုခေါ်သော ဉာဏ်ရည်တုနည်းပညာကို ညွှန်းဆိုရပေလိမ့်မည်။ ပျံ့နှံ့မှု အမြန်ဆန်ဆုံးဟုလည်း ပြော၍ရပေလိမ့်မည်။**

စည်သူကျော်

ဉာဏ်ရည်တုနည်းပညာသည် နည်းပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများ၏ နယ်ပယ်အဝန်းအဝိုင်းထဲမှ ကျော်လွန်ကာ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေမှုနှင့် အနုပညာဖန်တီးမှု နယ်ပယ်အထိ ပျံ့နှံ့အသုံးပြုလာခဲ့သည်။ တစ်စုံတစ်ခုသော အကြောင်းအရာကို သိရှိလိုသည်၊ မေးမြန်းလိုသည် ရှိလာပါက AI ကို မေးကြည့်ပါလားဆိုသောစကားကို တွင်တွင်ကျယ်ကျယ် ကြားနေရပေသည်။

လူကြီးလူငယ်ကလေးမှအစ ပညာရေးအဆင့်အတန်းကွဲပြားခြားနားမှုမတူစေကာမူ AI အပေါ် စိတ်ဝင်စားမှု၊ အသုံးပြုမှုရှိလာသည်ကို သတိပြုမိလာသည်။ အသုံးချမှု အတိမ်အနက်၊ အလေးအပေါ့ ကွာဟမှုရှိနေမည်ဖြစ်သော်လည်း လူသားတို့၏ နေ့စဉ်ဘဝတွင် AI ပါလာသည်ကိုတော့ ငြင်းဆန်၍ မရပေ။ AI အသုံးပြုမှုနှင့် စပ်လျဉ်းသော အစီရင်ခံစာများအရ ကမ္ဘာပေါ်၌ လူဦးရေသန်း ၁၂၀ ကျော်က ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် AI ကို အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

**AI အသုံးပြုမှုပလက်ဖောင်း ကျယ်ပြန့်လာ**

AI အသုံးပြုသူများတွင် Power User ဟုခေါ်သော ဉာဏ်ရည်တုနည်းပညာကို အချိန်ပြည့်နီးပါး အခြေပြုသုံးစွဲရသူများသည် AI အသုံးပြုသူ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း ရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းတို့သည် တစ်နေ့တာအတွင်း AI ကို ကြိမ်ဖန်များစွာ ဝင်ရောက်အသုံးပြုကြပြီး AI အသုံးပြုမှုပလက်ဖောင်း (AI Platform) များ ကျယ်ပြန့်လာခြင်းနှင့်အတူ Power User အရေအတွက်သည်လည်း ဆက်လက်တိုးတက်မြင့်မားလာမည်ဟု ခန့်မှန်းကြပါသည်။

၎င်းတို့နောက်တွင် Regular User ဟု ခေါ်သော ပုံမှန်အသုံးပြုသူအရေအတွက်သည် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအတွင်းရှိပြီး အဆိုပါ ပုံမှန်အသုံးပြုသူများသည် နေ့စဉ် အီးမေးလ်များ ရေးသားခြင်း၊ သတင်းအချက်အလက်များရှာဖွေခြင်း၊ အစီရင်ခံစာများ ရေးသားခြင်းတို့၌ AI ကို ခိုင်းစေအသုံးပြုကြသည်ဟုဆိုပါသည်။ ရံဖန်ရံခါ မေးခွန်းများ မေးမြန်းခြင်း၊ ပုံများထုတ်ခိုင်းခြင်း စသည်တို့အတွက် AI ကို အသုံးပြုသူများဖြစ်သည့် Casual Users များသည် AI အသုံးပြုသူ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအတွင်းရှိကြောင်း စစ်တမ်းများက ဖော်ပြကြသည်။

AI ကို လုံးဝအသုံးမပြုသူနှင့် အသုံးပြုခဲ့သော Non-Users အရေအတွက်သည် ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်း အတွင်းရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းစစ်တမ်းများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက AI ကို ကျွမ်းကျင်မှုရှိရှိနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ထိရောက်စွာ အသုံးပြုနေသော အရေအတွက်သည် အသုံးပြုသူ စုစုပေါင်း၏ သုံးပုံပုံလျှင် တစ်ပုံခန့်သာ ရှိနေသေးကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

**“AI ကို လုံးဝအသုံးမပြုသူနှင့် အသုံးပြုခဲ့သော Non-Users အရေအတွက်သည် ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအတွင်းရှိကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ယင်းစစ်တမ်းများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက AI ကို ကျွမ်းကျင်မှုရှိရှိနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ထိရောက်စွာအသုံးပြုနေသော အရေအတွက်သည် အသုံးပြုသူ စုစုပေါင်း၏ သုံးပုံပုံလျှင် တစ်ပုံခန့်သာ ရှိနေသေးကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်”**

သို့သော်လည်း ယင်းအရေအတွက်များသည် တိုတောင်းသော အချိန်ကာလအတွင်း တိုးတက်ဖြစ်ပေါ်လာသည်ဖြစ်ရာ AI သည် အလွန်လျင်မြန်စွာ ပျံ့နှံ့တိုးတက်လာသည်ဟု ဆိုရပေမည်။ AI Application များ ပိုမိုထွက်ပေါ်လာခြင်းကြောင့် AI အသုံးပြုမှုနှင့်အသုံးပြုသူ အရေအတွက်သည် ဆက်လက်၍လည်း မြန်မြန်ဆန်ဆန် တိုးတက်မြင့်မားလာမည်ဟု ခန့်မှန်းလျက်ရှိကြပါသည်။ ထို့ကြောင့် နည်းပညာရပ်နယ်ပယ်အတွင်းရှိ ပညာရှင်များသာမက လူမှုစီးပွားရေးနှင့် အခြားပညာရပ်ဆိုင်ရာနယ်ပယ်များမှ ပညာရှင်များကပါ Early Stage ဟု ခေါ်သော အစောဆုံးအဆင့်တွင် လျင်မြန်စွာတိုးတက်နေသော AI ၏ အနေအထားကို ဂရုပြုချဉ်းကပ်လေ့လာကြရန် တိုက်တွန်းသတိပေးလျက်ရှိကြခြင်းဖြစ်သည်။

အခြေအနေသစ်တစ်ခုသည် ဖြည်းဖြည်းနှင့်မှန်မှန်တိုးတက်ခြင်းမဟုတ်ဘဲ အထိန်းအကွပ်မဲ့စွာဖြင့် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ပေါ်နေပါက ပညာရပ်ပိုင်းဆိုင်ရာတွင် အခြေမခံသော သုံးစွဲသူများတွင် အန္တရာယ်ရှိနိုင်ကြောင်း သတိပေးခြင်းဖြစ်ပါသည်။ စမတ်ဖုန်းကဲ့သို့သော Digital Device အသုံးပြုသူ တိုးတက်များပြားလာခြင်းနှင့် အင်တာနက်ကွန်ရက်လွှမ်းခြုံမှု လျင်မြန်ကျယ်ပြန့်လာခြင်းတို့က AI အသုံးပြုသူအရေအတွက် တိုးတက်များပြားလာခြင်းနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပေသည်။

ဆက်လက်၍ AI ကို မည်သည့်နယ်ပယ်များတွင် အသုံးပြုလျက်ရှိသည်ကို လေ့လာကြည့်ကြပါစို့။ ဉာဏ်ရည်တုနည်းပညာရပ်ဆိုင်ရာ အစီရင်ခံစာများအရ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သုတေသနပြုမှုနယ်ပယ်များတွင် AI ၏ အထောက်အကူပြုမှုကို အများဆုံးရယူကြပြီး ကုန်ထုတ်လုပ်မှု၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် ဒုတိယအများဆုံး အသုံးပြုကြသည်။ အများမျှော်လင့်ထားသော ပညာရေးကဏ္ဍတွင်မူ AI အသုံးပြုမှုသည် ရှစ်ရာခိုင်နှုန်းဖြင့် အသုံးပြုမှုနည်းပါးသော အဆင့်တွင်ပင် ရှိနေပေသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူတစ်ဦးအနေဖြင့် AI အသုံးပြုမှု အစီရင်ခံစာများတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် အဆင့်မည်မျှတွင် ရှိနေသည်ကို ရှာဖွေလေ့လာစူးစမ်းမိသည်။ ယနေ့ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း ဒီဂျစ်တယ်နည်းပညာနှင့် AI ကို ပြောင်းလဲမှု နတ်ဘုရားတစ်ဆူပမာ တင်စားသုံးနှုန်းလျက်ရှိကြသည်။ ၎င်း နည်းပညာရပ်များသည် ကစားပွဲကို လုံးဝပြောင်းလဲပစ်လိုက်နိုင်သော အရာများ (Game Changer) သဖွယ် သုံးနှုန်းဖော်ပြလျက်ရှိကြပေသည်။ သို့သော် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ဉာဏ်ရည်တုနည်းပညာအသုံးပြုမှုတွင် သုံးရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးအဆင့်တွင်သာ ရှိနေပေသည်။

UN Tourism ၏ Artificial Intelligence Adoption in Tourism တွင်ဖော်ပြထားချက်အရ ခရီးသွားများ၏ ၄၂ ရာခိုင်နှုန်းသည် ၎င်းတို့၏ ခရီးစဉ်ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာ၌ (Travel Planning) AI ကို စတင်အသုံးပြုလျက်ရှိကြပြီး ၁၆ ရာခိုင်နှုန်းမှာ အသုံးပြုရန် စိတ်ဝင်စားမှုရှိကြောင်းနှင့် ၂၈ ရာခိုင်နှုန်းမှာ AI ကို အသုံးမပြုလိုဘဲ သမားရိုးကျနည်းလမ်းများကိုသာ အသုံးပြုလိုစိတ်ရှိကြကြောင်းသိရှိရပါသည်။ သမားရိုးကျနည်းလမ်းများကိုသာ အသုံးပြုလိုသူများက ဉာဏ်ရည်တုနည်းပညာအပေါ် ယုံကြည်မှုမရှိခြင်း၊ နည်းပညာနှင့် အကျွမ်းတဝင်မရှိခြင်း၊ အချို့နည်းပညာရပ်ကျွမ်းကျင်မှုရှိသော်လည်း AI မှ ထုတ်လုပ်ပေးသောရလဒ်သည် ၁၀၀ ရာခိုင်နှုန်း မှန်ကန်ပြည့်စုံမှုမရှိခြင်း၊ ၎င်းတို့၏လိုလားချက်နှင့် ကိုက်ညီပြည့်စုံမှုမရှိခြင်းတို့ကြောင့် ဖြစ်ကြသည်။

**စိတ်ဝင်စားဖွယ်ရာ အချက်တစ်ချက်**

ထို့အပြင် အခြားထူးခြားစိတ်ဝင်စားဖွယ်ရာကောင်းသော အချက်တစ်ချက်မှာ AI အသုံးပြုရန် ငြင်းပယ်ကြသူများသည် ခရီးသွားလုပ်ငန်း၏ လူသားအချင်းချင်း ပြောဆိုဆက်ဆံမှု၊ နွေးထွေးဖော်ရွေပျူငှာမှု၊ ဧည့်ဝန်ကျေပွန်မှု (Human Touch and Hospiality) တို့ကို လိုလားခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

AI တည်းဟူသော ဉာဏ်ရည်တုနည်းပညာကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဖော်ပြရာ၌လည်း လူသားတို့၏ အလုပ်အကိုင်များတွင် AI ကို အစားထိုးလာနိုင်ခြင်း (Job Displacement)၊ ဝန်ဆောင်မှုအရည်အသွေးလျော့ပါးကျဆင်းလာနိုင်ခြင်း (Reduce Personal Service Quality) နှင့် ဒေတာကျိုးပေါက်မှုဖြစ်စဉ်များနှင့် နည်းပညာရပ်အပေါ် အလုံးစုံယုံကြည်စိတ်ချမှုမရှိခြင်း (Data Privacy Risk) တို့ကို ရှေ့တန်းတင်ဖော်ပြလာကြသည်ကိုတွေ့ရှိရပါသည်။

အခြားသော အကြောင်းအရာအချက်အလက်များလည်း ရှိနိုင်မည်ဖြစ်သော်လည်း ဖော်ပြပါအချက်သုံးချက်သည် AI တည်းဟူသော ဉာဏ်ရည်တုနည်းပညာကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အသုံးချမှုနှောင့်နှေးရခြင်း၏ အဓိကအချက်များဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ခရီးသွားဧည့်သည်များအနေဖြင့် မိမိတို့သွားလိုသည့် ခရီးစဉ်ကို AI အား ခရီးစဉ် (Itinerary) ရေးဆွဲခိုင်းခြင်း၊ Online မှတစ်ဆင့် ဟိုတယ်အခန်းရယူခြင်း၊ လေယာဉ်လက်မှတ်နှင့် ရထားလက်မှတ်များ ဝယ်ယူခြင်း၊ စားသောက်ဆိုင်တွင် စားပွဲနေရာကြိုတင်မှာကြားခြင်းတို့ကို ဆောင်ရွက်နိုင်နေပြီဖြစ်ရာ Online Travel Agent (OTA) များ၏ အခန်းကဏ္ဍအလုပ်အကိုင်ကို AI က ခြိမ်းခြောက်လာနေပြီဟု စဉ်းစားတွေးတောလာကြသည်။

ထို့အပြင် ဟိုတယ်များ၌ စက်ရုပ် (Robot) များအသုံးပြု၍ Check-in ပြုလုပ်ပေးခြင်း၊ စားသောက်ဆိုင်များတွင် အစားအစာမှာယူမှုနှင့် ဝန်ဆောင်မှုတို့၌ လူသားနေရာတွင် စက်ပစ္စည်းကိရိယာများကို သုံးစွဲလာခြင်းတို့က အလုပ်အကိုင်အများအပြားကို ဖော်ထုတ်၍ ကျွမ်းကျင်မှုကို အခြေခံသော ဧည့်ဝန်ဆောင်မှုကဏ္ဍအတွက် အလုပ်အကိုင်ဆုံးရှုံးမှု (Job Displacement) ကို ဖြစ်ပေါ်စေမည်လောဟု စဉ်းစားဆင်ခြင်ဖွယ်ရာဖြစ်သည်။

သို့သော် ခရီးသွားလုပ်ငန်းသည် အခြားသော ကုန်ထုတ်စီးပွားရေးကဏ္ဍနှင့်မတူ ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေပျူငှာမှု၊ အပြုံးနှင့်ဂရုစိုက်မှုတို့ဖြင့် ဧည့်သည်များကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာပိုင်းဆိုင်ရာဆန်းသစ်မှုအတွက် တဒင်္ဂသာယာမှုဖြစ်ပေါ်နိုင်သော်လည်း ရေရှည်တွင် လူသားအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆက်ဆံမှု (Social Interaction and Human Touch)တို့က အဆုံးသတ်တွင် အောင်ပွဲဆင်နိုင်မည်ဟု ယူဆကြသူများလည်း အနမတဂ္ဂပင်။

အခြားတစ်ဖက်တွင်လည်း ခရီးသွားများ၏ လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်၍ မိမိ၏ ခရီးသွားလုပ်ငန်းဆိုင်ရာထုတ်ကုန် (ဤနေရာတွင် Tourism Product ကို ဆိုလိုပါသည်။) များကို ဧည့်သည်၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေသောအခြေအနေ (Win-Win Situation) ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့သော် အားနည်းချက်များကား ရင်းနှီးမြှုပ်နှံမှုစရိတ်၊ ဤတွင် နည်းပညာရပ်ပိုင်းဆိုင်ရာအတွက် ကုန်ကျစရိတ်များအပြင် ၎င်းနည်းပညာရပ်များကို လက်လှမ်းမီသုံးစွဲနိုင်ရေးအတွက် လူသားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးရသည့် ရင်းနှီးမြှုပ်နှံမှုတို့လည်း ပါဝင်မည်ဖြစ်ပါသည်။

**သင်ကြားရေးအခြေခံအဆောက်အအုံများ လိုအပ်**

အခြားအရေးကြီးသောအချက်မှာ AI ကို ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် လေ့ကျင့်သင်ကြားပေးသော နည်းပညာရပ်ဆိုင်ရာ သင်ကြားရေးအခြေခံအဆောက်အအုံများ လိုအပ်ခြင်းပင်ဖြစ်ပါသည်။ သို့မဟုတ်ပါက နည်းပညာရပ်ဆိုင်ရာ တလွဲအသုံးချမှုများ ဖြစ်ပေါ်လာပြီး ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

အချုပ်ဆိုရသော် ယနေ့ခေတ်သည်ကား လွန်ဆန်၍မရသော နည်းပညာခေတ်ဖြစ်ပါသည်။ အလွန်ရေစီးသန်သော မြစ်ပြင်ကြောဝယ် ကူးခတ်နေရသည့်နှယ်။ အချို့လည်း ကျွမ်းကျွမ်းကျင်ကျင် သက်သောင့်သက်သာကူးခတ်နေသလို အချို့လည်း မြုပ်ချည်တစ်ခါပေါ် ချည်တစ်လှည့် အသက်လုရှူ၍ ကူးခတ်နေရသကဲ့သို့ပင်။ ခရီးဆုံးပန်းတိုင်ကိုတော့ အခက်အခဲမရှိ ရောက်ရှိရန်တော့လိုအပ်သည်။ မကူးဘဲနေ၍တော့မရချေ။

အချို့က AI ကို နည်းပညာရပ်တစ်ခုပင် မဟုတ်တော့သော အခြေအနေတစ်ခုအဖြစ်ပင် ညွှန်းဆိုနေကြလေပြီ။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်သည်ပင်လျှင် "Digital Agenda and Artificial Intelligence to redesign tourism." ဖြစ်သည်။ ခရီးသွားလုပ်ငန်းကို ပြန်လည်ပုံဖော်ရန်အတွက် ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာကို အသုံးချကြဖို့ တွန်းအားပေးလှုံ့ဆော်ခြင်းဖြစ်ပါသည်။ AI သည် ခရီးသွားလုပ်ငန်းကို ပိုမိုထိရောက်၊ ပိုမိုလွယ်ကူစေပြီး ခရီးသွားဧည့်သည်များအတွက် အတွေ့အကြုံကောင်းများကို ဖန်တီးပေးနိုင်သည့် နည်းပညာဖြစ်ပါသည်။ သို့သော် AI ကို လူသား၏ နွေးထွေးသောဝန်ဆောင်မှုကို အစားထိုးရန်မဟုတ်ဘဲ အထောက်အကူပြုကိရိယာအဖြစ် အသုံးချသင့်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ခရီးသွားအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံများတွင် AI ကို မဟာဗျူဟာကျကျ အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်း၊ ဝင်ငွေနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို သိသိသာသာ မြှင့်တင်နိုင်မည်ဖြစ်ပေသည်။ ။

## ပုသိမ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**ပုသိမ် ဇူလိုင် ၆**
ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဆရာဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထက်ပိုင်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး သင်တန်းသား စုစုပေါင်း ၇၈ ဦး တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မောက်မယ် ဇူလိုင် ၆**
လင်းခေးခရိုင် မောက်မယ်မြို့နယ် မိုက်ညုစံကျေးရွာ၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်၊ မြို့နယ်သစ်တောတာဝန်ခံ ဦးဇော်ညိုနှင့် ကျေးရွာနေပြည်သူများက ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နန်းမိုခမ်း(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပျဉ်းမနား ဇူလိုင် ၆**
ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၅ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုး၊ ဝဲကြီးကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး



**ပွင့်ဖြူ ဇူလိုင် ၆**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း လမ်းဘေး ဝဲ၊ ယာ၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မုန်းမြင့်ကျေးရွာနှင့် သမော်အင်းကျေးရွာတို့မှ ဒေသခံပြည်သူများက အရိပ်ရပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဓာတ်အားလေလွင့် ပျောက်ဆုံးမှုနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေးစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ဒလမြို့နယ်တို့တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁ ရက်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ဓာတ်အားလေလွင့် ပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေးတို့ကို အလေးထားဆောင်ရွက်ရန် စစ်ဆေးခဲ့သည်။

**(YESC)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မော်လမြိုင်ကျွန်း ဇူလိုင် ၆**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခန့်ဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးပင် ၁၁၀၀ ကို စနစ်တကျ စိုက်ပျိုးခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ချောင်းဆုံမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ချောင်းဆုံ ဇူလိုင် ၆**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကမာမိုကျေးရွာ(အထက–ခွဲ) ကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ဥက္ကဋ္ဌ) ဦးဇော်နိုင်ဝင်း၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## ဝါးခယ်မမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းပို့ချ

**ဝါးခယ်မ ဇူလိုင် ၆**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ပွင့်ဝေဖြိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



ရွှေဘိုမြို့ စက်မှုဇုန်ရှိ မနော်သုခကွန်ကရစ်လမ်းသစ် ဝဲ/ယာ၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဇူလိုင် ၅ ရက်က ပျိုးပင် ၂၀၀ ကို စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းတို့ အမှာစကားပြောကြားစဉ်။ ရဲဝင်းနိုင်(ညောင်ဦး)

## သထုံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**သထုံ ဇူလိုင် ၆**

သထုံမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပရာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေး၊ ပြည်နယ်ဥပဒေအရာရှိနှင့် သထုံမြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၄ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## လင်းခေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**လင်းခေး ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးမိုးဝင်းအောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးအောင်သီဟစိုးတို့က အခြေခံသိသင့်သိထိုက်သည့်ဥပဒေ၊ နည်းဥပဒေဆိုင်ရာဘာသာရပ် ၁၁ ခုကို ဆွေးနွေးပို့ချပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ သင်တန်းနည်းပြများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးသင်တန်းသား ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ



နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## ပုလောမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ပုလော ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ပုလော



မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင် စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက်က ပုလောမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆင့်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင်အောင်မျိုးတို့က မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးရန်၊ သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်းကို ဟောပြောဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ သမဝါယမအသင်းလီမိတက် အမှုဆောင်သစ်ရွေးချယ်

**မိုးနဲ ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ရွှေသံလွင်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အသင်း အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်သမဝါယမ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ထွေးက အသင်းနှင့် စပ်လျဉ်းသည့် ပြင်ဆင်သည့်



ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

## တောင်တွင်းကြီးမြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**တောင်တွင်းကြီး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု



အုပ်ချုပ်ရေးမှူးများ အနေဖြင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် အတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေ/ နည်းဥပဒေများနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ဟုမ္မလင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သင်တန်းသား ၆၈ ဦးအား ဥပဒေဘာသာရပ်ကိုးခုကို သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ဖားကန့်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ဖားကန့် ဇူလိုင် ၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စီစီစိုးဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးနွယ်က အခမ်းအနားပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သာစည်မြို့နယ်ရှိ ဆိုလာစက်ရုံများ၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ ဇူလိုင် ၂ ရက်က မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြစဉ်။ ထွန်းထွန်း(သာစည်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ကို ဇူလိုင် ၆ ရက်ကကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးကျော်ထက်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ အကြောင်း ရှင်းလင်းပြောကြားစဉ်။ ဘာမိသာ(ပခုက္ကူ)



စဉ့်ကိုင်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက်က တောင်ရင်းကျေးရွာရှိ ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင် အမှာစကားပြောကြားစဉ်။

ကျော်စွာ(စဉ့်ကိုင်)

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**တောင်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၃**

၁။ ဦးခွန်သိန်းအောင် နှင့် ဒေါ်တင်တင်အေး
၂။ ဦးခွန်စိန်ထွန်း
၃။ ဒေါ်နန်းရွှေကြည်
၄။ ဦးခွန်သန်းအောင်
၅။ ဒေါ်စိန်ဖြူ
(တရားလိုများ) (တရားပြိုင်)

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်(၃၂) နေ ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်ကြသော ဦးခွန်သိန်းအောင်၊ ဦးခွန်စိန်ထွန်း၊ ဒေါ်နန်းရွှေကြည်၊ ဦးခွန်သန်းအောင်နှင့် ဒေါ်စိန်ဖြူတို့က "အိမ်မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၂၁ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( စိုင်းအောင်မြင့်ဦး )**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ ရေလှောင်ကန်ကျေးရွာနေ (ဘ) ဦးကျော်ဝင်း၏ သား မောင်ဇင်မင်းထက် ၁၃/ဖခန(နိုင်) ၀၅၇၀၁၆ ပတ်စ်ပို့နံပါတ်( မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၀၆၅၂၃၂**

## ဖခင်အမည်မှန်

မောက်မယ်မြို့နယ်၊ အထက ပူယာစန်း Grade-12 မှ မနန်းခမ်းအောင်၏ ဖခင်အမည်မှန်မှာ ခွန်သောဘီ ၁၃/မမန(နိုင်)၀၂၁၀၁၈ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ် ဈ-၆၊ ဦးပိုင်အမှတ် ၄၉/၁၀၉x၁၁၀ လမ်းကြား၊ ၆၀x၆၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံးရီ ၉/မရမ(နိုင်) ၀၅၇၃၁၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃-က၊ ဦးပိုင်အမှတ် ((၁၁-ခ) ၅+၁၅၉/၁-ဠ)ခဲစင်း/ စစ်ကိုင်း-မန္တလေးကားလမ်းအရှေ့ဘက်၊ အာရှဘဏ်လမ်း အနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော Manager MAY ENTERPRISE Ltd(ကိုယ်စား) အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်လွှဲအပ်ခြင်းခံရသူ ဒေါ်သီသီခိုင် ၁၂/ဥကတ(နိုင်)၀၃၀၃၁၃ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းဝေ ၅/ဒပယ(နိုင်) ၁၃၆၇၃၂ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မြို့ရှောင်လမ်း၊ အမှတ်(၁၂၀) နေ ဒေါ်နန်းဖွေ(ဘ) ဦးသုဝဏ္ဏ(၁၃/တကန(နိုင်)၁၁၇၄၉၀)၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဒေါ်နန်းဖွေ(၁၃/တကန(နိုင်)၁၁၇၄၉၀)၏ သားဖြစ်သူ ဦးကျော်မျိုးထွန်း(ဘ) ဦးဘထွန်း(၁၃/ကလန(နိုင်)၀၆၀၂၉၁)သည် မိခင်၏ဆိုဆုံးမမှုကို မခံသည့်အပြင် မိခင်ကြီးကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့သည့်အပြင် မိခင်ကြီးခွင့်မပြုသည့် ကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်ခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဖွေမှ ဦးကျော်မျိုးထွန်း(ဘ)ဦးဘထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါ၍ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဖွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းများသည်းခံပါ)

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နန်းဖွေ**
**၁၃/တကန(နိုင်)၁၁၇၄၉၀**
**ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ထူးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၄/၂၀၁၇)**
**အမှတ်(၂၃၄)၊ မဟာသုခလမ်းသွယ်(၂)၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၃၄၇၃၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၆**

၁။ ဦးအောင်ဘုဏ်းမြတ် နှင့် ဗိုလ်မှူး နေလ
၂။ ဒေါ်လဲ့လဲ့ထွန်း
တရားလိုများ တရားပြိုင်

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်(၈ဓ-၁၀) ဦးပိုင်(၃) နေ ဗိုလ်မှူး နေလ(ဘ)ဦးတိုးဖေ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်

သင့်အပေါ်၌ တရားလို ဦးအောင်ဘုဏ်းမြတ်ပါ-၂က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၄ )၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀.၀၆၂)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးနေလ အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ City Loft Condo၊တိုက် အမှတ်- CL(2) အခန်းအမှတ်(414)၊အခန်းအမျိုး အစား-3Bedroom၊ အကျယ်အဝန်း ဧရိယာ(850)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင်းပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးဖြိုးဝေမြင့် ၁၂/တမန(နိုင်)၀၇၄၉၃၃ နှင့် ဒေါ်ခိုင်ဇင်ဝင်း ၁၂/သဃက(နိုင်)၀၀၂၆၅၉ ထံမှဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်စုဝေဖြိုး ၁၂/သလန(နိုင်)၁၁၄၉၂၂ မှ စရန်ပေးချေခဲ့ ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ် အားဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်စုဝေဖြိုး ဖုန်း-၀၉- ၇၉၉၄၄၀၄၁၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ခြံကြီးပိုင်း၊ စိန်ချယ်လမ်းနေ ဦးဇော်နိုင်အောင် ၇/ပခန(နိုင်)၂၃၀၉၈၂၊ ဒေါ်စန္ဒာအေး၇/ပခန(နိုင်)၄၉၂၈၃၆ တို့၏သမီး မန္တေးအိစံ ၇/ပခန(နိုင်) ၅၅၃၂၀၁ သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မန္တေးအိစံနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများ အခြားမည်သည့်ကိစ္စများကို မဆို ယနေ့မှစ၍ ပါဝင်ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မန္တေးအိစံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နိုင်အောင် ၇/ပခန(နိုင်)၂၃၀၉၈၂-ဒေါ်စန္ဒာအေး၇/ပခန(နိုင်)၄၉၂၈၃၆**
**ဇိုင်း/တောင်ရပ်ကွက်၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/87446, Flymo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထက်အောင် ၉/အမရ(နိုင်)၁၉၁၀၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 42W/94496 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၉/ပဥလ(နိုင်) ၀၉၇၆၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/59907, Honda C-90, Custon CMN ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၉/မရမ(နိုင်)၀၆၆၇၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/20896, Johnson -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ခင် ၅/စကန(နိုင်)၀၃၄၅၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဟင်းငုကျေးရွာ(ဘ)ဦးရွှေဘ ၏ သမီး အိရွှေစင် ၉/စကတ(နိုင်) ၁၄၁၆၇၁ နှင့် အိရွှေဇင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အိရွှေစင်(ခ)အိရွှေဇင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(G-11)မှ မောင်ဆုပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသက်ဟန်ဝင်း ၉/မဟမ(နိုင်)၁၂၈၈၇၀ ဖြစ်ပါကြောင်း။

**ဦးသက်ဟန်ဝင်း**

## အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ ဝမ်ကန်နယ်မြေ ပြည်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မောင်နေဦးလင်း၏ အမည်မှန်မှာ မောင်ဇင်မျိုးသူ ဖြစ်ပါကြောင်း။

## "အများသိရှိစေရန် ကြေညာခြင်း"

လွိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၄၀/၃-ဘူတာတောင်ဘက်(ခ)၊ ဦးပိုင်အမှတ်(၃၉)၊ မြေကွက်အမှတ်(47)၊ မြေဧရိယာ(၀ဒသမ၁၀၇)ဧကရှိမြေသည် ဒေါ်ခင်ပြုံးမြင့်၊ ၂/ဖဆန (နိုင်)၀၀၆၁၇၂ အမည်ဖြင့် မြို့မြေကွက်ချထားရေးကော်မတီ၊ လွိုင်ကော်မြို့၏ (၁၄-၅-၁၉၉၃) ရက်စွဲပါ အိမ်မြေယာကွက်ချထားပေးခြင်း ခွင့်ပြုစာအရ အမည်ပေါက်ပိုင်ဆိုင်နေထိုင်လျက်ရှိသည်မှာ နှစ်ပေါင်း (၃၀) ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါမြေနေရာအား ဒေါ်ခင်ပြုံးမြင့် ၂/ဖဆန (နိုင်)၀၀၆၁၇၂ အမည်ဖြင့် မြေငှားဂရန်ရရှိရေး သက်ဆိုင်ရာဌာနတွင် လျှောက်ထားတင်ပြဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှ စတင်၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဒေါ်ခင်ပြုံးမြင့်၊ ၂/ဖဆန (နိုင်)၀၀၆၁၇၂**
**(က/၉၀)၊ သီရိလမ်း၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/47611, Kenbo Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာလွင်(ခ) ဒေါ်သီတာဦး ၉/မနတ(နိုင်)၀၀၀၉၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊အောင်ရတနာလမ်းနှင့် မေတ္တာလမ်းထောင့်၊ ဦးသက်လွင်(DKU-၀၀၀၀၉၈)အမည်ပေါက် မြေကွက်အမှတ်(၃၅၅/က)၊ ဒေါ်စန်းစန်းဌေး(၁၂/လကန(နိုင်)၁၇၀၅၀၉) အမည်ပေါက် မြေကွက်အမှတ်(၃၅၅/ခ) အကျယ်အဝန်း ပေ(၄၀x၆၀) ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက်ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်ခင်ဝင်းမော်(ခ)ချင်မီလန်(၁၂/သဃက(နိုင်)၁၃၇၅၂၂) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးမျိုးမင်းထွန်း(၁၄/အဂပ(နိုင်)၁၉၉၂၇၇)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် -၅၂၀၇၃)**
**ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/61131, Honda Wave-110R ယာဉ်လက်ဝယ်ရှိသူ ဦးရွှေယုံ ၁၃/နစန(နိုင်)၀၂၄၀၇၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊မြေကွက်အမှတ် (၃၀၂၇) ဟုခေါ်တွင်သော မြေဧရိယာပေ (၄၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း ဦးချစ်ဆွေ(အမျိုးသားမှတ်ပုံတင်အမှတ် -၀၄၇၄၄၃) အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စန္ဒာ(၁၄/ပသန(ဧည့်) ၀၀၁၀၄၀) မှ အဆင့်ဆင့်သောစာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းပြီးနောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မျိုးပပ (၁၀/သထန(နိုင်) ၀၈၃၀၉၀)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာစာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းသိန်းအောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ် - ၃၇၇၈၁)**
**အမှတ် - ၃၃၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၂၁၇၁ ၄၄၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊မြေတိုင်း(၄၁)၊(တ/၁၅)ရပ်ကွက်၊ပန်းခြံ(၂၈)၊ အောင်သုခ(၂)လမ်း၊ အမှတ်(၁၉၅၅/က)ဟုခေါ်တွင်သောအလျားအနံပေ(၂၀x၆၀)ရှိ မြေကွက်နှင့်၎င်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးယဉ်အောင်(၉/တကန(နိုင်) ၁၅၆၁၇၆)မှ ဥပဒေနှင့်အညီတရားဝင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းမှသာ ရောင်းချခွင့်ရှိကြောင်းပြောဆိုကာ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးအောင်(၁၂/တမန(နိုင်) ၁၁၀၇၂၅)မှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်ပါသည်။ထိုအိမ်ခြံမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါအိမ်ခြံမြေကွက်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၅၃)**
**ဖုန်း- ၀၉- ၄၂၀၂၉၉၀၀၀**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ( ၂၃/ဇုန်)၊ မိုးကုတ်လမ်း၊ အမှတ်( ၅၂၈/ခ)နှင့် ( ၅၂၈/ဂ-က)ဟုခေါ်တွင်သော ဦးဗိုလ်ဗိုလ်မောင်[၁၂/ပဘတ(နိုင်)၀၂၅၅၁၈ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်(၂)ကွက်ဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၂၃/ဇုန်)၊ မြေကွက်အမှတ်( ၅၂၈/ခ)၊ ဧရိယာ(၀.၁၄၆၁)ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ် ( ၅၂၈ / ဂ-က)၊ ဧရိယာ(၀.၁၃၉၈ )ဧကရှိ မြေကွက်တို့အပါအဝင် ယင်းမြေကွက်တို့ပေါ်ရှိ အဆောက်အအုံ(၂)လုံးတို့၏အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါမြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်တို့ပေါ်ရှိ အဆောက်အအုံ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဗိုလ်ဗိုလ်မောင် ၁၂/ပဘတ(နိုင်)၀၂၅၅၁၈ ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ်- ၈၂၁၉)**

**ဒေါ်တင်တင်ခိုင် (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၈၀၀၈ )**

**အမှတ်(၁၃/ခ)၊ (၈)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ -၄၄၈၀၂၅၉၉၃ ၊ ၀၉- ၉၇၈၉၄၀၀၆၆**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း / လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၀၆/မမ/S&T | (က) Power Supply for Station(UPS(6)Set with Accessories)(1-Lot)<br>(ခ) Conference Mic (1) Set |
| ၂ | ၂၀၇/မမ/S&T | ရန်ကုန် - မန္တလေးလမ်းပိုင်းရှိ ဘူတာ (၁၁) ဘူတာတွင် ဆက်သွယ်ရေး တာဝါတိုင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |
| ၃ | ၂၀၈/မမ/S&T | ဒါးပိန် - အင်းတိုင်လမ်းပိုင်း အချက်ပြနှင့် ဆက်သွယ်ရေးစနစ် အသစ် တပ်ဆင်ခြင်း လုပ်ငန်း |
| ၄ | ၂၀၉/မမ/S&T | မှော်ဘီ၊ဝါးနက်ချောင်း၊ဖူးကြီး၊တိုက်ကြီး၊သနပ်ချောင်း၊ဖလုံ၊ဥက္ကံ ဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 1) |
| ၅ | ၂၁၀/မမ/S&T | ငါးဖြူကလေး၊ သုံးဆယ်၊ သာယာဝတီ၊ အင်းရွာ၊ လက်ပံတန်း၊ စစ်ကွင်း၊ မင်းလှ၊ အိုးသည်ကုန်း၊ အုတ်ဖို ဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 2) |
| ၆ | ၂၁၁/မမ/S&T | ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ မှော်ဇာ၊ မှော်ဇာလမ်းဆုံ၊ ပြည် ဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (Lot 3) |
| ၇ | ၂၁၂/မမ/S&T | ဝါးနက်ချောင်း၊ ဇီးကုန်း၊ ရွှေတံခါးဘူတာတို့ရှိ အမြင့်ပေ (၁၂၀) ဆက်သွယ်ရေး တာဝါတိုင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၁.၇.၂၀၂၆) နေ့လည် (၂:၃၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၇.၇.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ဓာတ်မြေဩဇာ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော DAP အခြေခံ ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း အနေဖြင့် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွက် ဖြန့်ဖြူးဈေးနှုန်း ယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် DAP အခြေခံ ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများ တင်သွင်းလိုသော အသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီ Email- ureacommittee@gmail.com နှင့် အသင်း၏ အောက်ပါ email များသို့ ပေးပို့၍ ၁၃-၇-၂၀၂၆ ရက်၊ မွန်းလွဲ ၂ နာရီထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

info@mfspea.com, vicepresident-1@mfspea.com,
vicepresident-2@mfspea.com, generalsecretary@mfspea.com

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

(ဘ)ဦးချစ်ရွှေ၏သမီး ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မုဋ္ဌောမူလတန်း(လွန်)ကျောင်းမှ ဆရာမကြီး ဒေါ်ယဉ်ယဉ်ဌေး(ခ)ဒေါ်ရင်ဌေး အမည်နှစ်မျိုးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ (၁၀-၈-၁၉၆၆) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့၊ အထက(၁) Grade- 4 မှ မဆန်းသီရိ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် (ခ) ဦးလတ် ၅/ရဥန(နိုင်) ၁၁၉၄၁၀ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅ )
### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇

ဒေါ်စန်းစန်းရီ — နှင့် — ဦးရွှေကြည်
တရားလို — တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ပဒေသာမြို့သစ်၊ နဝရတ်လမ်း၊ စ-၂ နေ ဦးရွှေကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

